# ကြေးမုံ

# The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဥ္စမြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်၊ သောကြာနေ့။ Friday, 15 November 2024 ၁၁၆၄၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပူဇော်

နေပြည်တော် နိုဝင်ဘာ ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ဗုဒ္ဓဥယျာဉ်တော် ဝတ္ထုကံတော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ပူဇော်ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

**ယနေ့ ဖတ်စရာ**

e-ID စနစ်ဖြင့် UID နံပါတ် ရယူလိုသည့် ပြည်သူများအနေဖြင့် သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများတွင် အခကြေးငွေ ကုန်ကျမှုမရှိဘဲ ဆောင်ရွက်နိုင်

စာမျက်နှာ » ၆

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

စာမျက်နှာ » ၇

တူယှဉ်နွဲပျော် တန်ဆောင်တိုင်ပွဲတော်

ဆောင်းပါး စာမျက်နှာ » ၁၀

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ တန်ဆောင်တိုင် ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ဖွင့်ပွဲ အခမ်းအနား ကျင်းပ

စာမျက်နှာ » ၁၂

ကြေးမုံ

# တန်ဆောင်မုန်းလပြည့်နေ့ သာမညဖလအခါတော်ပူဇော်

မြန်မာတို့၏ ၁၂ လရာသီတွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာပွဲတော်များ ကျင်းပလေ့ရှိသည့်အနက် တန်ဆောင်မုန်းလပြည့်နေ့တွင် နိုင်ငံတစ်ဝန်း၌ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများ ကျင်းပနေကြသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ရသည်။ မြန်မာတို့အဖို့ ကုသိုလ်ကောင်းမှုအထူးထူးတို့ ရရှိကြသလို ထိုနေ့ထူးနေ့မြတ်အခါသမယတွင် မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် သာမညဖလသုတ်တရားတော် ရွတ်ဖတ်ပူဇော်နာကြားခြင်းကုသိုလ်ကိုလည်း ပြုလုပ်ကြရမည်ဖြစ်ပါသည်။

သာမညဖလအခါတော်နေ့ ဖြစ်ပေါ်လာရသည့် သမိုင်းကြောင်းသည် မြတ်စွာဘုရားရှင်လက်ထက် အဇာတသတ်မင်းကြီး၏ ဘဝဖြစ်စဉ်နှင့်ဆက်စပ်နေပါသည်။ သီလက္ခန္ဓဝဂ္ဂပါဠိတော် မြန်မာပြန်၌ ရဟန်းပြုရခြင်းအကျိုးကျေးဇူးကို သိလိုသဖြင့် မေးမြန်းလျှောက်ထားသော အဇာတသတ်မင်းကြီးကို မြတ်စွာဘုရားရှင်က တန်ဆောင်မုန်းလပြည့်နေ့ ညချမ်းအချိန်အခါ၌ ရာဇဂြိုဟ်မြို့အနီး ဇီဝကသရက်ဥယျာဉ်တော်တွင် သာမညဖလသုတ်တော်ကို ဟောကြားတော်မူသည်။ သာမညဖလသုတ်တရားတော်ကို နာယူခွင့်ရသည့်အခါ အဇာတသတ်မင်းကြီးသည် ရတနာသုံးပါးကို ကြည်ညိုသည့် သာသနာပြုမင်းကောင်းမင်းမြတ်ဖြစ်လာခဲ့သည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလသုတ်တော်ကို အဇာတသတ်မင်းကြီးအား ဟောကြားတော်မူခဲ့သည်ကိုအကြောင်းပြု၍ သာသနာတော် တည်ထွန်းပြန့်ပွားထွန်းကားခြင်း အကျိုးရလဒ်များကို ရရှိနေခြင်းဖြစ်ပါသည်။ သာမညဖလသုတ်တော်သည် သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် အကျိုးကျေးဇူးကြီးမားပါပေသည်။ သာသနာပြု အဇာတသတ်မင်းကြီးသည် ထေရဝါဒဗုဒ္ဓဘာသာ သန့်ရှင်းတည်တံ့ပြန့်ပွားစေရန် အရေးပါသော ပထမသင်္ဂါယနာတင်ပွဲကို ဖြစ်မြောက်အောင်မြင်အောင်ကူညီခဲ့သည်။ မြတ်ဗုဒ္ဓဘုရားရှင်၏ ဓာတ်နိပါတ်တော်များ မပျောက်မပျက်အောင် စုစည်းသိမ်းဆည်းပေးနိုင်ခဲ့သည်။

ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်၏ သမိုင်းမှတ်တမ်း တိကျခိုင်မာစေရေးအတွက် အရေးပါသော သာသနာတော်နှစ်ကို သတ်မှတ်ပေးခဲ့သည်။ မဟာသက္ကရာဇ် ၁၄၈ နှစ်ကို ပယ်ဖျက်၍ မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူသည့် ကဆုန်လပြည့်နေ့မှစ၍ သာသနာတော်နှစ်ကို စတင်ခဲ့သည်။ အဇာတသတ်မင်းကြီး၏ အမြော်အမြင်ကြီးမားမှုကြောင့် ယနေ့ကာလတွင် မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ် ၄၅ ဝါ သို့မဟုတ် ၄၅ နှစ်၊ သာသနာတော်နှစ် ၂၅၆၈ နှစ်ပေါင်း၍ မြတ်ဗုဒ္ဓသာသနာ စုစုပေါင်း ၂၆၁၃ ဟု တိတိကျကျ ပြောနိုင်ရေးနိုင်ခြင်းဖြစ်သည်။ အဇာတသတ်မင်းကြီးကို အကြောင်းပြု၍ သာမညဖလအခါတော်နေ့ ဖြစ်ပေါ်လာရခြင်းကိုလည်းကောင်း၊ သံဃာတော်များကိုပူဇော်သည့် နေ့မြတ်အဖြစ်လည်းကောင်း ရည်ရွယ်၍ တန်ဆောင်မုန်းလပြည့် သာမညဖလအခါတော်နေ့ကို ရည်စူးပူဇော်ခြင်းသည်သာ အထူးသင့်မြတ်ကောင်းမွန်ပေသည်။

အစဉ်အလာကြီးမားသော တန်ဆောင်မုန်းလပြည့်နေ့တွင် သာမညဖလအခါတော်နေ့နှင့်အတူ မြန်မာပြည်တစ်ဝန်း၌ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲများ၊ မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းပွဲများ၊ တန်ဆောင်တိုင်ဆီမီးထွန်းပူဇော်ပွဲများ၊ မီးပုံးပျံလွှတ်တင်ပွဲများအပြင် မိသားစုနှင့် မိတ်ဆွေအပေါင်းအသင်းများ အချင်းချင်း မဲဇလီဖူးသုပ်ဝေငှလှူဒါန်းခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများသည် လျော်ကန်သင့်မြတ်ကောင်းမွန်သည့် အလှူမင်္ဂလာများဖြစ်သည်။ သို့သော် တန်ဆောင်မုန်းလပြည့်နေ့၏ အနှစ်သာရဖြစ်သည့် မြတ်စွာဘုရားရှင်နှင့် သံဃာတော်တို့ကို အထူးပူဇော်ခြင်း၊ သာမညဖလသုတ်တော်ကို ရွတ်ဖတ်ပူဇော်ခြင်းမှာ ပို၍ထူးမြတ်ပေသည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပလေ့ရှိသော ဘာသာရေးပွဲတော်တစ်မျိုးမှာ နှစ်ကျိပ်ရှစ်ဆူဘုရား လှည့်လည်ပူဇော်ပွဲဖြစ်သည်။ နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ပွဲကို များသောအားဖြင့် သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လတို့တွင် တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ကိုယ့်ဒေသထုံးစံအတိုင်း ကျင်းပလေ့ရှိကြပါသည်။ မည်သို့မည်ပုံပင်ဖြစ်စေ နေ့ကြီးရက်မြတ်များတွင် ဘာသာရေးအစဉ်အလာပွဲများ ကျင်းပကြရာ၌ ဗုဒ္ဓသာသနာနှင့် ဖီလာဆန့်ကျင်သည့် အပျော်လွန်အပျော်အပျက်၊ သရုပ်ပျက်မှုများကိုမူ သတိပြုရမည်ဖြစ်သည်။ သာသနာတော်၏ ထူးကဲမွန်မြတ်သည့် အစဉ်အလာများကို ညစ်နွမ်းမှေးမှိန်စေနိုင်သည်။ ဗုဒ္ဓဘာသာဝင်အပေါင်းတို့အနေဖြင့် ကုသိုလ်အထူးကိုရည်ရွယ်ကြသလို သာသနာတော်ကိုလည်း ထိန်းသိမ်းစောင့်ရှောက်ကြစေချင်ပါသည်။

သို့ဖြစ်ရာ တန်ဆောင်မုန်းလပြည့်နေ့ သာမညဖလအခါတော်နေ့သည် မိဘကိုပြစ်မှားစော်ကားမိသည့် အဇာတသတ်မင်းကြီးသည် တရားသံဝေဂ နောင်တတစ်ဖန်ရပြီး မြတ်စွာဘုရားရှင်တရားရေအေးတိုက်ကျွေးပေးသည့်သာမညဖလသုတ်တော်ကို နာကြားရသဖြင့် သာသနာပြုမင်းကောင်းမင်းမြတ်တစ်ပါးဖြစ်လာပြီး သာသနာတော်ကြီး ထွန်းကားစည်ပင်ပြန့်ပွားလာအောင် ယနေ့ထက်တိုင် ဆောင်ကြဉ်းပေးနိုင်သည့် အကျိုးထူးများကိုဆင်ခြင်ကာ ဤနေ့ရက်မြတ် အခါကာလတွင် မြတ်စွာဘုရားရှင်နှင့် တပည့်သံဃာများကို ရည်မှန်းပူဇော်ခြင်း၊ ကုသိုလ်အထူးများပြုလုပ်ကြခြင်းဖြင့် ကောင်းကျိုးများ တိုးပွားပြုလုပ်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

(၂၃)ကြိမ်မြောက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်

မြန်မာ့တိုင်းရင်းဆေးပညာနီးနှောဖလှယ်ပွဲ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်

## အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပခုက္ကူ)မှ အမျိုးသမီးသင်တန်းသူ ၃၃၈၅ ဦး သင်ကြားမွေးထုတ်ပေးနိုင်ခဲ့

ပခုက္ကူ နိုဝင်ဘာ ၁၄

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေး ဦးစီးဌာနကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသော ဒေသများမှ အမျိုးသမီးငယ်များအား အဆင့်မြင့်စက်ချုပ်ပညာသင်တန်းများအပြင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့အထိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ပခုက္ကူ)မှ သင်တန်းသူ ၃၃၈၅ ဦးကို သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

သင်တန်းကျောင်းတွင် အဆင့်မြင့်စက်ချုပ်ပညာသင်တန်းများအပြင် အခြေခံလက်မှုပညာသင်တန်း၊ မုန့်လုပ်နည်းသင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများကို အခေါ်အဝေါ်၊ အကိုင်အတွယ်၊ အတွက်အချက်များမှစတင်ပြီး ကျွမ်းကျင်ပိုင်နိုင်စွာ ကိုယ်တိုင်ဆွဲတတ်၊ ချုပ်တတ်သောအဆင့်ရောက်သည်အထိ ကျေးလက်ဒေသမှ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသော အမျိုသမီးငယ်များကို နေထိုင်စားသောက်ရေးနှင့် သင်ထောက်ကူပစ္စည်းများကို စရိတ်ငြိမ်းဖြင့် စာတွေ့၊ လက်တွေ့ စနစ်တကျ သင်ကြားပေးလျက်ရှိသည်။ သင်တန်းပြီးဆုံးပါက တစ်နိုင်တစ်ပိုင်လုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များ အရစ်ကျရောင်းချပေးခြင်း၊ သင်တန်းထူးချွန်ဆု ရရှိသူများအား ကိုယ်ပိုင်အသက်မွေးဝမ်းကျောင်းလုပ်ငန်း ထူထောင်လုပ်ကိုင်နိုင်စေရန် အပ်ချုပ်စက်တစ်လုံးစီ ဆုချီးမြှင့်ပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မိုးမြင့်က ပြောကြားသည်။

အဆိုပါသင်တန်းကျောင်းကို ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အထိ အခြေခံအိမ်တွင်းမှုသင်တန်းသူ ၁၉၅၄ ဦး၊ အဆင့်မြင့်စက်ချုပ်သင်တန်းသူ ၇၆၀၊ ကြိမ်/ဝါးသင်တန်းသူ တစ်ဦး၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းသူ ၃၇၅ ဦး၊ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းသူ ၂၉၅ ဦး စုစုပေါင်း သင်တန်းသူ ၃၃၈၅ ဦးကို သင်ကြားမွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄ - ၁၁ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၇၆၇ | ၆,၅၉၆,၂၀၀ |
| MTSH | ၃,၃၅၀ | ၃,၃၀၀ | ၃၄၂ | ၁,၁၄၃,၆၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၀ | ၀ |
| FPB | ၁,၈၅၀ | ၁,၉၀၀ | ၁၃၃ | ၂၄၆,၁၀၀ |
| TMH | ၂,၈၅၀ | ၂,၈၅၀ | ၃၅ | ၉၉,၇၅၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၁,၀၇၀ | ၁,၈၂၀,၅၀၀ |
| AMATA | ၄,၄၀၀ | ၄,၅၀၀ | ၂၁၆ | ၉၅၀,၇၀၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၆၀၃ | ၁,၉၈၉,၉၀၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ စိန်နားပန်မီးပုံးပျံများ လွှတ်တင်မှုကို ကြည့်ရှုအားပေးစဉ်။

❂ **ရွှေဖုံးမှ**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီး၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ အခမ်းအနားကို“နမော တဿ”သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က “ဇယမင်္ဂလာစာတမ်းလွှာ”ကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးသင်္ကန်းတော် ရက်လုပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

### မသိုးရွှေကြာသင်္ကန်းတော်များ စတင်ရက်လုပ်

ယင်းနောက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင် ဦးသန့်ဆွေက မင်္ဂလာရွှေမောင်းကို တီးခတ်၍ အချက်ပေးရာ ရက်ကန်းအဖွဲ့များက ရက်ကန်းစင်တော်များ၌ မသိုးရွှေကြာသင်္ကန်းတော်များကို စတင်ရက်လုပ်ကြသည်။ ထိုသို့ ရက်ကန်းအဖွဲ့များက ရက်ကန်းစတင်ရက်လုပ်သည်နှင့် တစ်ပြိုင်နက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက မြိုင်မြိုင်ဆိုင်ဆိုင်လတန်ဆောင်တိုင် တေးသီချင်းဖြင့် သီဆိုတီးမှုတ် ကပြဖျော်ဖြေကြပြီး အခမ်းအနား တက်ရောက်လာကြသူများက မီးပုံးပျံငယ်များနှင့် မိုးပျံပူဖောင်းများကို တစ်ပြိုင်တည်း လွှတ်တင်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ယဉ်ကျေးမှုအဖွဲ့များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက ယိမ်းအကအလှများ၊ အိုးစည်ဒိုးပတ်များဖြင့် လည်းကောင်း၊ ပြင်ပအနုပညာရှင်များက တေးသီချင်းများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။ **စာမျက်နှာ ၄ သို့ »»**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ ယဉ်ကျေးမှုအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

»»» **စာမျက်နှာ ၃ မှ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးနှင့် ဧည့်ပရိသတ်များသည် နေပြည်တော် ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရက်ကန်းစင်တော် ၁၅ ခုမှ ရက်ကန်းအဖွဲ့များ၏ မသိုးရွှေကြာသင်္ကန်း ရက်လုပ်နေမှုများကို ရက်ကန်းစင်တော် တစ်ခုချင်းစီအလိုက် စိတ်ဝင်တစား လှည့်လည်ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် စိန်နားပန်မီးပုံးပျံများနှင့် ညမီးကျည်(ညမီးကြီး) မီးပုံးပျံများ လွှတ်တင်မှုများကို မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများနှင့်အတူ ကြည့်ရှုအားပေးကြသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ ရိုးရာယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ခမ်းနားထည်ဝါစွာဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များမှ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ ဒုတိယအကြိမ် မသိုးရွှေကြာသင်္ကန်း ရက်လုပ် ကပ်လှူပူဇော်ခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင် ပူဇော်ထားရှိခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်ခန်းများ ခင်းကျင်းပြသရောင်းချမှုနှင့်အတူ အနုပညာဦးစီးဌာနမှ ဇာတ်သဘင် ဖျော်ဖြေမှုတို့ကို အနေဖြင့် လာရောက်ဖူးမြော် ဇာတ်တော်ကြီးဖြင့်လည်းကောင်း၊ ဇာတ်မင်းသား ဖိုးချစ်အဖွဲ့က ဇာတ်သဘင် ဖျော်ဖြေမှုတို့ကို လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်သဖြင့် အများပြည်သူများအနေဖြင့် လာရောက်ဖူးမြော်ကြည်ညိုကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကများဖြင့် ကပြဖျော်ဖြေစဉ်။




စိန်နားပန်မီးပုံးပျံများ လွှတ်တင်ပူဇော်မှုကို ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများက ကြည့်ရှုအားပေးစဉ်။

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ်အကြီးအကဲ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိ ဒုတိယဝန်ကြီးချုပ်များ ဦးဆောင်သည့် ပြည်ထောင်စုဝန်ကြီးများနှင့် တွေ့ဆုံ၊ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး










**နေပြည်တော် နိုဝင်ဘာ ၁၄**

ပုသိမ်မြို့ ချောင်းသာကမ်းခြေ၌ ရောက်ရှိနေကြသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဘူရားတီးရားပြည်နယ် အကြီးအကဲ H.E.Mr. Alexey Sambuevich Tsydenov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ချောင်းသာကမ်းခြေ၌ လှည့်လည်ကြည့်ရှု အနားယူအပန်းဖြေကြပြီး ချောင်းသာမြို့အဝင်၌ ရုရှား-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ခရေပင်ကို မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံ သံအမတ်ကြီး H.E.Mr.Iskander Azizov နှင့်အတူ စိုက်ပျိုးပေးကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပုသိမ်လေဆိပ်မှတစ်ဆင့် နေပြည်တော်သို့ လေကြောင်းခရီးဖြင့်ရောက်ရှိကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်တို့ ဦးဆောင်သော ပြည်ထောင်စု ဝန်ကြီးများသည် ဘူရားတီးရားပြည်နယ် အကြီးအကဲနှင့်အဖွဲ့အား နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လေကြောင်းခရီး သွားလာမှုနှင့် ပြည်သူအချင်းချင်း ဆက်ဆံမှု တိုးမြှင့်ရေးအပါအဝင် ဘဏ်လုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှု၊ သာသနာရေးနှင့် ယဉ်ကျေးမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး၊ စက်မှု၊ စီးပွားရေး၊ ကျန်းမာရေး၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ပညာရေးစသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် အနာဂတ်တွင်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အလားအလာများကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်များနှင့်အတူ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဌာနများမှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ သံအမတ်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ညစာဖြင့်တည်ခင်းဧည့်ခံ**

ညပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့် အဖွဲ့အား Aureum Palace Hotel ၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် ဘူရားတီးရားပြည်နယ်အကြီးအကဲနှင့်အဖွဲ့သည် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်၍ အလှူငွေများ လှူဒါန်းကြကာ ရတနာဆင်ဖြူတော် အဆောင်ရှိ ဆင်ဖြူတော်များကို အာဟာရဖြည့်စွက်စာများကျွေးမွေးခဲ့ကြသည်။

**သတင်းစဉ်**





## e-ID စနစ်ဖြင့် UID နံပါတ် ရယူလိုသည့် ပြည်သူများအနေဖြင့် သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများတွင် အခကြေးငွေကုန်ကျမှုမရှိဘဲ ဆောင်ရွက်နိုင်

### ပြည်သူများသို့ အသိပေးကြေညာချက်

လူမှုကွန်ရက်စာမျက်နှာတစ်ခုဖြစ်သည့် လဝကရုံး (ဟစ်တိုင်) ဟု အမည်ပေးထားသော Facebook Group တွင် ပွဲစားများနှင့်ချိတ်ဆက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြား(အတု)၊ Unique ID (UID) အတုများဖြင့် နိုင်ငံကူးလက်မှတ်လျှောက်ထားဆောင်ရွက်လျက်ရှိပြီး ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထု၏လုံခြုံရေးကို များစွာထိခိုက်စေသဖြင့် ဝန်ကြီးဌာနမှ ယင်းဖြစ်စဉ်အား စစ်ဆေးဖော်ထုတ်ခဲ့ရာ Jack But Jaxk အကောင့်ပိုင်ရှင် ချစ်မင်းခိုင်ပါ (၃)ဦးအား သဃ်န်းကျွန်းမြို့မရဲစခန်းတွင်လည်းကောင်း၊ Aent Hmue အကောင့်ပိုင်ရှင် အုံ့မှူးပါ (၁၁)ဦးအား မင်္ဂလာဒုံမြို့မရဲစခန်းတွင်လည်းကောင်း၊ ရဲထက်စိုးပါ (၅) ဦးအား မြဝတီမြို့မရဲစခန်းတွင်လည်းကောင်း၊ သန့်ဇင်ထွန်းအား အင်းစိန်မြို့မရဲစခန်း၊ အောင်သူထက်အား စမ်းချောင်းမြို့မရဲစခန်း၊ ခင်မောင်ကျော်အား မော်လမြိုင်မြို့မရဲစခန်းနှင့် ထက်မြတ်အောင်အား ဒလမြို့မရဲစခန်းတွင်လည်းကောင်း တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအမှုဖွင့်လှစ်ဆောင်ရွက်ခဲ့ရပါသည်။

သို့ဖြစ်ပါ၍ ရုံးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူများ၏ မသိနားမလည်မှုအပေါ် အခွင့်ကောင်းယူ၍ ငွေကြေးရယူ အမြတ်ထုတ်သူများအား ထိရောက်စွာ ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်းနှင့် e-ID စနစ်ဖြင့် UID နံပါတ် ရယူလိုသည့် ပြည်သူများအနေဖြင့် သက်ဆိုင်ရာ လဝကမြို့နယ်ရုံးများတွင် မိမိကိုယ်တိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းနှင့်အတူ လူကိုယ်တိုင်သွားရောက်၍ အခကြေးငွေကုန်ကျမှုမရှိဘဲ ဆောင်ရွက်နိုင်ပါကြောင်း၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/eIDDept မှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန**

## မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီ ဒုတိယအကြိမ်အစည်းအဝေး ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၁၄

မြန်မာစာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက မြန်မာဘာသာစကားနှင့် စာပေကို ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာစာနှင့် တိုင်းရင်းသားဘာသာစကားများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်အတွက် AI နည်းပညာ အကူအညီနှင့် ကိုယ်ပိုင်ဆိုက်ဘာပလက်ဖောင်းများ ဖန်တီးရေးသည် အရေးတကြီး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များဖြစ်လာပါကြောင်း၊ စီမံကိန်းက ထွက်လာသည့်ရလဒ်များသည်မြန်မာစာအရေးအသားမှန်ကန်စေရေးအတွက် အထောက်အကူဖြစ်မည့် Spell Checking၊ Text Prediction စသည့် အက်ပလီကေးရှင်းများကို ဖန်တီးတီထွင်နိုင်ပြီး ရုံးများ၊ ကျောင်းများသာမက အများပြည်သူများအတွက်လည်း အကျိုးများစေမည်ဖြစ်ပါကြောင်း၊ စီမံကိန်းမှရရှိလာသည့် အဆင့်မြင့်နည်းပညာရလဒ်များသည် နိုင်ငံတော်၏ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် e-Governance ကွန်ရက်များကို အဆင့်မြှင့်တင်ပေးရန်အတွက် အထောက်အပံ့ကောင်းတစ်ခုဖြစ်လာရန် မျှော်လင့်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က စီမံကိန်းနှင့်ပတ်သက်၍ မိတ်ဆက်ရှင်းလင်းဆွေးနွေးပြီး ဒုတိယဝန်ကြီး ဒေါက်တာ မိုးဇော်ထွန်းက စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ စီမံကိန်းဒါရိုက်တာ AI နည်းပညာရှင် ဒေါက်တာတင်ဘုန်းကျော်က စီမံကိန်းတိုးတက်အောင်မြင်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး နည်းပညာလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ် NLP ဌာန ပါမောက္ခ ဒေါက်တာဝင်းပပက နည်းပညာလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဦးစီးကော်မတီတွဲဖက်အတွင်းရေးမှူး၊ ဘာသာဗေဒလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါက်တာသန့်စင်အေးက ဘာသာဗေဒလုပ်ငန်းဆိုင်ရာ ရှင်းလင်းတင်ပြပြီး ဦးစီးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများနှင့် ပညာရှင်ကြီးများ၊ တက်ရောက်လာသူများက စီမံကိန်းလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့မှ မြန်မာစာဖွံ့ဖြိုးတိုးတက်ရေးဦးစီးကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့မှ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ဒုတိယဝန်ကြီး ဦးဝင်းရှိန် ရွှေပြည်သာမြို့နယ်နှင့် မှော်ဘီမြို့နယ်တို့ရှိ အထည်ချုပ်စက်ရုံနှင့် ဖိနပ်ချုပ်စက်ရုံများ ကြည့်ရှုအားပေး

**ရန်ကုန် နိုဝင်ဘာ ၁၄**

အလုပ်သမား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ Alpha Best Global Limited ဖိနပ်ချုပ်စက်ရုံ၊ အထည်ချုပ်စက်ရုံများဖြစ်သည့် Rong Da Garments Co.,Ltd. နှင့် ရွှေဇာမဏိစက်ရုံများသို့ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းပေးကာ စက်ရုံအတွင်း လှည့်လည်ကြည့်ရှု၍ လုပ်သားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မှော်ဘီမြို့နယ်ရှိ အထည်ချုပ်စက်ရုံများ ဖြစ်သည့် ဝမ်ပင်းစက်ရုံ၊ Wan He Garment နှင့် ကီဒိုရန်ကုန်စက်ရုံတို့သို့ သွားရောက်ကြည့်ရှု အားပေးရာ စက်ရုံတာဝန်ခံများ၊ မန်နေဂျာများ၊ ကြီးကြပ်ရေးမှူးများနှင့် စက်ရုံအလုပ်သမား အဖွဲ့အစည်းဝင်များ၊ လုပ်ငန်းခွင်ညှိနှိုင်းရေးကော်မတီဝင်များ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး တာဝန်ခံများက လုပ်ငန်းခွင် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အလုပ်သမားရေးရာ ဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ လုပ်သားများ၏ သက်သာချောင်ချိရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန်နားလည်ယုံကြည်မှု၊ စေတနာပါမှုတို့ဖြင့် ဆောင်ရွက်ပေးရန်၊ ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ပူးပေါင်းဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်မှုသည် စက်ရုံ၏ ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်သဖြင့် အလုပ်ရှင်၊ အလုပ်သမားများက အလေးထား ဆောင်ရွက်ရန်လိုကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ရာတွင် အရည်အချင်းရှိသည့် အားကစားသမားများကို ဘက်လိုက်မှုမရှိဘဲ မှန်မှန်ကန်ကန် ရွေးချယ်ပေးရန် လိုအပ်

နေပြည်တော် နိုဝင်ဘာ ၁၄

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ၊ ခုံသမာဓိဆပ်ကော်မတီနှင့် မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ရေးဆပ်ကော်မတီအဖွဲ့ဝင်များ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ပြောကြား**

အစည်းအဝေးတွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းက အားကစားပြိုင်ပွဲများကို အဆင့်မီမီဖြင့် စနစ်တကျ ကျင်းပနိုင်ရေးနှင့် မျိုးဆက်သစ်အားကစားသမားများကို စနစ်တကျ စိစစ်ကြပ်မတ်ရွေးချယ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် ယခုအစည်းအဝေးကို ကျင်းပရခြင်းဖြစ်ကြောင်း၊ မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ရာတွင် အမှန်တကယ် အရည်အချင်းရှိသည့် အားကစားသမားများကို ဘက်လိုက်မှုမရှိဘဲ မှန်မှန်ကန်ကန် စိစစ်ကြပ်မတ်၍ ရွေးချယ်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ အတွင်းရေးမှူး၊ ခုံသမာဓိဆပ်ကော်မတီနှင့် မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေးဆုံးဖြတ်ချက်ပါ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြီး မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၄

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာနနှင့် သင်တန်းကျောင်း Theater ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းက ဆီးချိုသွေးချိုရောဂါသည် အရွယ်မတိုင်မီသေဆုံးမှု (Premature Death)ကို ဖြစ်စေသည့် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ပြီး ကမ္ဘာပေါ်တွင် လူ ၁၀ ဦးလျှင် တစ်ဦးခန့်တွင် ဆီးချိုသွေးချိုဖြစ်ပွားနေကြောင်းနှင့် နောင်လာမည့် ဆယ်စုနှစ်များအတွင်း ဆီးချိုသွေးချို ဖြစ်ပွားနှုန်း ပိုမိုမြင့်တက်လာမည်ဖြစ်ကြောင်းကို အပြည်ပြည်ဆိုင်ရာ ဆီးချိုအဖွဲ့ချုပ်(IDF)၏ အချက်အလက်များအရ သိရှိရကြောင်း၊ ယခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ "Empowering Global Health" ဖြစ်ပြီး "အားလုံး သက်ရှည်ကျန်းမာဖို့၊ ဆီးချိုရောဂါကာကွယ်ထိန်းသိမ်းလို့၊ ပူးပေါင်းလက်တွဲဆောင်ရွက်စို့"ဟု မြန်မာဘာသာ ပြန်ဆိုထားပြီး ဆီးချို သွေးချိုရောဂါအန္တရာယ်ကို တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်သည့် ကျန်းမာရေးပြဿနာအဖြစ် အလေးထားကာ ရောဂါကာကွယ်ကုသခြင်းနှင့် ရောဂါထိန်းချုပ်ခြင်းဆိုင်ရာ အခြေခံအရေးကြီးသည့်အချက်များကို ကမ္ဘာတစ်ဝန်းရှိ ပြည်သူလူထုကို အသိပညာ



ပေးရန်၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆေးပညာရှင်များနှင့် ပြည်သူလူထုစုပေါင်းအားဖြင့် ပိုမိုတိုးမြှင့်ဆောင်ရွက်ကြရန် တိုက်တွန်းလိုခြင်းဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသမှပြည်သူများ ဆီးချိုသွေးချိုရောဂါဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုကို လက်လှမ်းမီစေရေးအတွက် ကျေးလက်ကျန်းမာရေးဌာနများတွင် ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါစစ်ဆေးကုသမှုဆေးခန်းများကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်လှစ်၍ စစ်ဆေးကုသပေးလျက်ရှိပြီး ကုသမှုအတွက် လိုအပ်သော အခြေခံဆေးများနှင့် ဆေးပစ္စည်းများကို ဝယ်ယူပံ့ပိုးပေးလျက်ရှိပါကြောင်း၊ လက်ရှိတွင်ဆေးခန်း ၇၅၁၆ ခု ဖွင့်လှစ်ထားရှိကြောင်း၊ ဆီးချိုသွေးချိုရောဂါဝေဒနာရှင် ပြည်သူလူထုအတွက် အရည်အသွေးပြည့်ဝသည့် ကုသမှုရရှိစေပြီး နောက်ဆက်တွဲရောဂါဝေဒနာများ ခံစားရခြင်းမှ ကာကွယ်နိုင်ရန်နှင့် ဆီးချိုသွေးချိုရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာများ မြင့်မားစေရန်အတွက် ဆီးချိုသွေးချိုပညာပေးကုသဌာန(Center of Excellence for Diabetes)များကို ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ ဆေးရုံကြီးလေးခုနှင့် မကွေးပြည်သူ့ဆေးရုံကြီးတို့တွင် ဖွင့်လှစ်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဗီဒီယိုကိုပြသပြီး ပြည်ထောင်စုဝန်ကြီးက အထိမ်းအမှတ်ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုသည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ ဟော်မုန်းရောဂါအထူးကုဆေးပညာရှင်အဖွဲ့၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ဆေးရုံများမှ ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အစီအစဉ်တစ်ရပ်အဖြစ် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဆီးချိုသွေးချိုဝေဒနာရှင် ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းအစီအစဉ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင် ၁၀၀၀)ရှိ ဆီးချိုသွေးချို ပညာပေးကုသဌာန၌ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

## အင်းစိန် အမက (၁) ဗဟို၌ ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် "ဆေးလိပ်၊ ကွမ်းယာ ကင်းစင်ပ စာသင်ကျောင်းကစ" ခေါင်းစဉ်ဖြင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို နိုဝင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီတွင် အင်းစိန်အမက(၁) ဗဟိုကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးဘိုကြည်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက ပြိုင်ပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ မြို့နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပြိုင်ပွဲဝင်များ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူ ၁၁ ဦးတို့က မိမိတို့ကြိုက်နှစ်သက်ရာ ဆေးလိပ်၊ ကွမ်းယာ ဆိုးကျိုးအန္တရာယ် တားဆီးကာကွယ်တိုက်ဖျက်ရေး ကဗျာများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ အကဲဖြတ်အမှတ်ပေးဒိုင်များအဖြစ် မြို့နယ်သတင်းစာဆရာအသင်းဥက္ကဋ္ဌ (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)နှင့် မြို့နယ် စာရေးဆရာအသင်း တွဲဖက်အတွင်းရေးမှူး ဝင်းနွယ်(ပုသိမ်)၊ ဒိုင်ချုပ်အဖြစ် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်တို့က ဆောင်ရွက်၍ ဆုရရှိသူများအား တာဝန်ရှိသူတို့က ဆုများပေးအပ်ချီးမြှင့်ကြပြီး ကျောင်းစာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

**မြင့်ဦး**





## မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီအစည်းအဝေး ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၄

မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများကို အသုံးပြု၍ ငွေကြေးလိမ်လည်မှု ဖြစ်စဉ် (Fraud Case) များဖြစ်ပွားနေမှုနှင့် ပတ်သက်၍ ကာကွယ်နိုင်ရန် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ကြီးကြပ်မှုကော်မတီအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဓမ္မာသီရိခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် ဒုတိယဥက္ကဋ္ဌများ၊ မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ ဖြစ်သည့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ပြည်ထဲရေးဝန်ကြီးဌာန မှုခင်းရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ဥပဒေရေးရာဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ရိုးမဘဏ်၊ ကမ္ဘောဇဘဏ်၊ ဧရာဝတီဘဏ်၊ ဧရာဝတီတောင်သူလယ်သမားများ ဖွံ့ဖြိုးရေးဘဏ်တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌက ကော်မတီ၏ ဦးဆောင်မှုဖြင့် ဒစ်ဂျစ်တယ် ငွေပေးချေမှုအပေါ် ယုံကြည်မှု မပျက်ပြားစေရေးအတွက် ငွေကြေးလိမ်လည်မှုများနှင့်ပတ်သက်၍ အသိပညာပေးအစီအစဉ်များ ဆောင်ရွက်လျက်ရှိကြောင်း၊ နည်းပညာ အားကောင်းလာသည်နှင့်အမျှ နည်းပညာအသုံးပြု၍ လိမ်လည်မှုပုံစံများသည် OTP၊ SMS များကို Hack ၍ Application အတုများ၊ Link အတုများ ပေါ်ပေါက်လာပြီး Payment Link များနှင့် ချိတ်ဆက်ဆောင်ရွက်၍ ငွေကြေးလိမ်လည်မှုများ ဖြစ်ပွားလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ဖြစ်ပေါ်ခဲ့သည့် လိမ်လည်မှု ဖြစ်စဉ်များကို သုံးသပ်ပြီး ကြပ်မတ်ထိန်းကျောင်းနိုင်ရေးအတွက် မူဝါဒများချမှတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ်များက ၎င်းတို့ကြုံတွေ့ရသော ငွေကြေးလိမ်လည်မှုဖြစ်စဉ်များ စိစစ်တွေ့ရှိချက်နှင့် တွေ့ကြုံနေရသည့်အခက်အခဲများကို တင်ပြကြရာ တင်ပြချက်များအပေါ် ကော်မတီအဖွဲ့ဝင်များက လုံခြုံမှု ကျိုးပေါက်နိုင်သည့် အချက်များ၊ အသိပညာပေးမှု အစီအစဉ်များ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေး၊ ငွေရေးကြေးရေးကဏ္ဍနှင့် ဆက်စပ်ဆောင်ရွက်လျက်ရှိသည့် မိုဘိုင်းကွန်ရက်ဝန်ဆောင်မှုပေးသူများ (Mobile Network Operators) နှင့် FinTech Service ဝန်ဆောင်မှုပေးသူများအနေဖြင့် ငွေကြေးလိမ်လည်မှုများကို ကာကွယ်ဖော်ထုတ်နိုင်ရေး၊ ငွေကြေးဆုံးရှုံးမှုများကို ကာကွယ်နိုင်ရေးနှင့်စပ်လျဉ်း၍ အကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက လိမ်လည်မှုဖြစ်စဉ်များတွင် အဆင့်မြင့်နည်းပညာ အသုံးပြုလာကြသည်ကို တွေ့ရှိရသဖြင့် မူဝါဒပိုင်းဆိုင်ရာနှင့် ကြီးကြပ်ကွပ်ကဲမှုပိုင်းဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ မိုဘိုင်းငွေကြေး ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများအနေဖြင့် လက်ရှိလုံခြုံရေးစနစ်များအား ပြန်လည်စိစစ်သုံးသပ်ပြီး အဆင့်မြှင့်တင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင်မီးထွန်းပွဲတော် ဒုတိယနေ့ဆက်လက်ကျင်းပ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြား



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ တန်ဆောင်တိုင်မီးထွန်းပွဲတော် ဒုတိယနေ့တွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော် အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် ယနေ့ တန်ဆောင်တိုင်မီးထွန်းပွဲတော် ဒုတိယနေ့ကို စည်ကားသိုက်မြိုက်စွာ ဆက်လက် ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ပါဝင်ဆင်နွှဲကြသည့် ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

**လမ်းညွှန်ပြသပေး**

ဦးစွာ တာဝန်ရှိသူများက တန်ဆောင်တိုင် မီးထွန်းပွဲတော်လာ ဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော်ပါဝင်ဆင်နွှဲနိုင်ရေး အတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရလိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး ပွဲတော်အတွင်း ကုသိုလ်ပြု ဆီမီးထွန်းညှိနိုင်မည့်နေရာများ၊ မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာများ၊ မသိုးသွေ့ ကြာသင်္ကန်းရက်လုပ်သည့်နေရာများ၊ ဈေးပွဲတော်နေရာများနှင့် အခြားသွားရောက်လှေ့လာနိုင်မည့်နေရာများကို အလွယ်တကူ သွားရောက်နိုင်ရေးအတွက် လမ်းညွှန်ပြသပေးကြသည်။

ထို့နောက် တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်း ရှင်လူ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်အတွင်း ဆီမီးကပ်လှူပူဇော်ခြင်း၊ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြရာ

**စာမျက်နှာ ၉ သို့**



မီးပုံးပျံအသေးများ လွှတ်တင်ပူဇော်စဉ်။



ဌာနဆိုင်ရာဝန်ထမ်းများ ဆီမီးထွန်းညှိပူဇော်ကြစဉ်။



ကလေးကစားကွင်း၌ လာရောက်ကစားကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များတွင် ဝယ်ယူအားပေးကြသူများကို တွေ့ရစဉ်။



ကျောက်စာရုံစေတီတော်များနှင့်အတူ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

❂ စာမျက်နှာ ၈ မှ

ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း မြတ်စွာဘုရားရှင်၏ တရားဓမ္မသံများ စိတ်ကြည်နူးဖွယ်ရာ ဖုံးလွှမ်းလျက်ရှိသည်။

**စည်ကားလျက်ရှိ**

တန်ဆောင်တိုင်မီးထွန်းပွဲတော်ကာလအတွင်း ကုသိုလ်ထူးရရှိနိုင်ရေး အစီအစဉ်တစ်ခုအဖြစ် တန်ဆောင်မုန်းလပြည့်နေ့၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဒုတိယအကြိမ် မသိုးသင်္ကန်း ကပ်လှူပူဇော်သွားမည်ဖြစ်သည့်အတွက် ယနေ့ ညနေပိုင်းမှစတင်၍ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြုရက်ကန်းအဖွဲ့ ၁၅ ဖွဲ့တို့က မသိုးသင်္ကန်းကို အားကြိုးမာန်တက် စတင်ရက်လုပ်ယှဉ်ပြိုင်နေကြရာ အဆိုပါရက်ကန်း ရက်လုပ်နေမှုကို အားပေးလေ့လာကြည့်ရှုကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း စည်ကားလျက်ရှိသည်။

ထို့ပြင် မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်၍ ပူဇော်ခြင်းကုသိုလ်ထူးကို ခံစားနိုင်စေရန်အတွက် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင်ပူဇော်ခြင်းပြိုင်ပွဲများကို စီစဉ်ဆောင်ရွက်ထားရှိသည့်အတွက် ကြောင့်လည်း ပြိုင်ပွဲမစတင်မီ အစောပိုင်းကပင် ဘုရားပရိဝုဏ်အတွင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး တိုင်းရင်းသားရိုးရာအကအလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများဖြင့် တွဲဖက်၍ အလှမီးရှူးမီးပန်းများပစ်ဖောက်ပူဇော်ခြင်း၊ မီးပုံးပျံအသေးများ၊ ညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်းဖြင့်လည်း နေပြည်တော် တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုပေါ်လွင်စေခဲ့သည်။

အလားတူ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဗိသုကာလက်ရာများကိုလည်း လာရောက်ကြသည့် ဘုရားဖူးလာပြည်သူများ တစ်နှစ်တွင် တစ်ကြိမ်သာကြုံတွေ့ရမည့် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာနိုင်ကြမည်ဖြစ်သည်။

ဆက်လက်၍ ကျောက်စာရုံစေတီတော်၊ မုစလိန္ဒကန်၊ နဂါးရုံဘုရားများ၊ ဂန္ဓကုဋီတိုက်များ၊ သုဓမ္မာဇရပ်များ၊ မာရဝိဇယကျောင်းတော်နှင့် အဂ္ဂါဓိပတိသာသနဝိမာန်တော်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုလေ့လာကြသည့် ဘုရားဖူးလာပြည်သူများနှင့် ရေပန်းရင်ပြင်နှင့် ရေပန်းဝိုင်းအကြီး၊ ရေပန်းဝိုင်းအသေးနေရာများ၌လည်း မိသားစုလိုက်သော်လည်းကောင်း၊ မိတ်ဆွေသူငယ်ချင်းအစုအဖွဲ့လိုက်သော်လည်းကောင်း ပျော်ရွှင်စွာ အမှတ်တရဓာတ်ပုံရိုက်ကြသည့် ဘုရားဖူးလာပြည်သူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ပွဲတော်လာပြည်သူများအတွက် ဖျော်ဖြေရေးအစီအစဉ်ကောင်းများအဖြစ်တေးသံရှင်များ၏ တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကြူးရေးဖွဲ့ထားသည့် တေးသီချင်းကောင်းများ၊ လူကြီး၊ လူငယ်အကြိုက် ခေတ်ဟောင်းနှင့် ခေတ်ပေါ်တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုအပြင် ဇာတ်သဘင်ဖျော်ဖြေတင်ဆက်မှုအဖြစ် မြန်မာနိုင်ငံ သဘင်အစည်းအရုံး၏စီစဉ်မှုဖြင့် ဇာတ်မင်းသားဖိုးချစ်တို့အဖွဲ့နှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင် ဝန်ထမ်းများက ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ လာရောက်အားပေးနားဆင်ကြည့်ရှုကြသည့် အနုသုခုမဝါသနာရှင်များဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။



စိန်နားပန်မီးပုံးပျံကြီး လွှတ်တင်ပူဇော်နေမှုကို တွေ့ရစဉ်။

**ရောင်းချပေးလျက်ရှိ**

အလားတူ ဘုရားဖူးလာပြည်သူများ ဒေသထွက် လက်ဆောင်အဖြစ် ဝယ်ယူနိုင်ရန်အတွက် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာ့ရိုးရာအစားအစာ အရောင်းဆိုင်များ ဖွင့်လှစ်၍ ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိရာ ဘုရားဖူးပြည်သူများ စိတ်ဝင်တစားဖြင့် ကြိတ်ကြိတ်တိုး ဝယ်ယူလျက်ရှိကြသည့်အပြင် ဒေသထွက်မြန်မာ့ရိုးရာမုန့်ဆိုင်များ၌လည်း မြန်မာမုန့်များအား ချစ်ခင်မြတ်နိုးစွာဖြင့် ဝယ်ယူအားပေးကြရာ ပစ္စည်းများပြတ်လပ်သည်အထိ ရောင်းချခဲ့ရကြောင်း သိရသည်။

ထို့ပြင် ဘုရားဖူးလာ ကလေးငယ်များအတွက်လည်း ကလေးကစားကွင်း ထားရှိပေးထားရာ ကစားနည်းများအလိုက် စိတ်ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ကစားနေကြသည့် ကလေးငယ်များဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

တန်ဆောင်တိုင်မီးထွန်းပွဲတော်လာပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ပွဲတော်ကို ဆင်နွှဲနိုင်ရေးအတွက်လည်း တာဝန်ရှိသူများနှင့် ကျန်းမာရေးဝန်ထမ်းများက ဘုရားပရိဝုဏ်အတွင်း စနစ်တကျလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသည့်အပြင် ဘုရားဖူးလာပြည်သူများ ကျန်းမာရေးတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါတန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၁၅ ရက် တန်ဆောင်မုန်းလပြည့်နေ့တွင်လည်း စည်ကားသိုက်မြိုက်စွာ ဆက်လက် ကျင်းပသွားမည်ဖြစ်သည့်အတွက် အနယ်နယ် အရပ်ရပ်မှ ပြည်သူများအနေဖြင့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုရင်း တန်ဆောင်တိုင်ည၏ ရသကို အပြည့်အဝ ခံစားနိုင်မည်ဖြစ်ကြောင်းလည်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**



ဇာတ်မင်းသား ဖိုးချစ်အဖွဲ့နှင့်အတူ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်ဝန်ထမ်းများက ဖျော်ဖြေတင်ဆက်ကြစဉ်။



တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်လည်ပတ်ကြသူများကို တွေ့ရစဉ်။

# တူယှဉ်နွဲပျော် တန်ဆောင်တိုင်ပွဲတော်

ခင်လေး

တန်ဆောင်မုန်း လပြည့်နေ့သည် သီတင်းကျွတ် လပြည့်နေ့ကဲ့သို့ပင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ ထူးမြတ်သောနေ့တစ်နေ့ဖြစ်သည်။ မြန်မာ တစ်ဆယ့်နှစ်လတွင် တန်ဆောင်မုန်းလသည် အဋ္ဌမလဖြစ်ပြီး ရှေးခေတ်ကျောက်စာတို့တွင် "တန်ဆောင်မှုန်" ဟု ရေးထိုး၍ ရွတ်ဆိုခေါ်ဝေါ်ရာ၌ "တန်ဆောင်မှုန်း"ဟု ခေါ်ဝေါ်ကြသည်။ "တန်ဆောင်"မှာ မီးရှူး၊ မီးတိုင်၊ ဆီမီးဟု အဓိပ္ပာယ်ရပြီး "မှုန်း"၏ အနက်ဖွင့်ဆိုချက်မှာ "တောက်ပစေသည်"ဟူသော အနက်ကိုယူ၍ ဆီမီးတောက်ပစေသောလ၊ ဆီမီးထွန်းညှိသောလဟု ကောက်ယူနိုင်ပေသည်။

ဗုဒ္ဓဘာသာ တရားတော်အရ တန်ဆောင်မုန်းလပြည့်နေ့ကို "သာမညဖလအခါတော်နေ့"ဟုလည်း သတ်မှတ်ထားသည်။ သာမညသည် သာမဏေ၊ ရသေ့၊ ရဟန်းပြုလုပ်ခြင်းဟု အနက်အဓိပ္ပာယ်ရရှိသည်။ ဖလသည် အကျိုးကျေးဇူးပင်ဖြစ်သည်။ သာမညဖလသည် ရသေ့ရဟန်းပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုပါသည်။

**သာမညဖလအခါတော်နေ့ သမိုင်းကြောင်း**

သာမညဖလအခါတော်နေ့ ဖြစ်ပေါ်လာရသည့် သမိုင်းကြောင်းသည် အဇာတသတ်မင်းကြီး၏ ဘဝဖြစ်စဉ်နှင့် ဆက်စပ်နေသည်။ သုံးလောကထွတ်ထား မြတ်စွာဘုရားရှင်သည် တန်ဆောင်မုန်းလပြည့်ညတွင် အဇာတသတ်မင်းကြီးကို သာမညဖလသုတ္တန် ဒေသနာတော် (ရဟန်းပြုခြင်းအကျိုး) ဟောကြားတော်မူခဲ့သည်။ အဇာတသတ်မင်းသည် ထိုသုတ္တန်ဒေသနာတော်ကို နာကြားရပြီးနောက် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သည့် ဥပါသကာအဖြစ်သို့ ရောက်ရှိခဲ့သည်။ ရတနာသုံးပါးကို ကြည်ညိုသည့် သာသနာပြုမင်းကောင်းမင်းမြတ်ဖြစ်လာသည်ဟု သီလက္ခန္ဓဝဂ္ဂပါဠိတော်၌ ဖော်ပြထားသည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ရောက်လျှင် နိုင်ငံတစ်ဝန်းရှိ ဘုရား၊ စေတီပုထိုးများတွင် သာမညဖလ သုတ္တန်ကိုလည်း ရွတ်ဖတ်ပူဇော်ကြသည်။

ထေရဝါဒဗုဒ္ဓသာသနာ သန့်ရှင်းတည်တံ့ပြန့်ပွားစေရန်အတွက် အရေးပါသော ပဌမသင်္ဂါယနာတင်ပွဲကြီး ဖြစ်မြောက်အောင်မြင်အောင် ကူညီပံ့ပိုးခဲ့သည်။ မြတ်ဗုဒ္ဓ၏ ဓာတ်နိပါတ်တော်များ မပျောက်ပျက်အောင် စုစည်းသိမ်းဆည်းထိန်းသိမ်းပေးခဲ့သည်။ ထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်၏ သမိုင်းမှတ်တမ်း တိကျခိုင်မာစေရေးအတွက် အရေးပါသော သာသနာတော်နှစ်ကို သတ်မှတ်ပေးခဲ့သည်။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်ကို ပယ်ဖျက်၍ ဗုဒ္ဓမြတ်စွာဘုရားပရိနိဗ္ဗာန်စံတော်မူသည့် ကဆုန်လပြည့်နေ့မှစ၍ သာသနာတော်နှစ်ကို စတင်ခဲ့သည်။

အဇာတသတ်မင်းကြီး၏ အမြော်အမြင်ကြီးမားမှုကြောင့် ယနေ့ကာလတွင် သာသနာတော်နှစ်ကို ၂၅၅၈ ခုနှစ်ဟု အတိအကျပြောနိုင်၊ ရေးနိုင်ခဲ့ပေသည်။ အဇာတသတ်မင်းကြီးကို အကြောင်းပြု၍ သာမညဖလအခါတော်နေ့ ဖြစ်ပေါ်လာရခြင်းကိုလည်းကောင်း၊ သံဃာတော်များကို ပူဇော်သည့် နေ့မြတ်အဖြစ်လည်းကောင်း ရည်ရွယ်၍ တန်ဆောင်မုန်းလပြည့်နေ့ကို သာမညဖလအခါတော်နေ့ ကျင်းပခြင်း၏ အဓိကအနှစ်သာရဖြစ်သည်။ သာမညဖလအခါတော်နေ့နှင့် အတူ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ၊ ပံ့သကူပွဲတော်များကို ဒေသအလိုက် ထုံးစံနှင့်အညီ ပွဲအမျိုးမျိုးကျင်းပကြသည်။

**သံဃာကိုသာ ရည်မှန်းလှူဒါန်း**

တန်ဆောင်မုန်းလပြည့်နေ့ရောက်လျှင် နိုင်ငံတစ်ဝန်းရှိ ဘုရားစေတီပုထိုးများတွင် သာမညဖလသုတ္တန်ကိုလည်း ရွတ်ဖတ်ပူဇော်ကြသည်။ ကထိန်သင်္ကန်းအလှူသည် ဗုဒ္ဓဘာသာ မြန်မာတို့အတွက် လှူဒါန်းသင့်သော အလှူဒါနတစ်ခုဟုပင် ဆိုနိုင်ပါသည်။ "သင်္ကန်းတွင် ကထိန်၊ ကျောင်းမှာ သိမ်"ဆိုသော စကားအတိုင်းပင် ကထိန်သင်္ကန်းသည် ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲမထားဘဲ သံဃာကိုသာ ရည်မှန်းလှူဒါန်းရခြင်းဖြစ်သည်။ "ကထိန်"သည် "ကထိန"ဟူသော ပါဠိကို မြန်မာမှုပြုကာ ပြောင်းလဲထားသော အမည်ဖြစ်သည်။ ကထိန်ဟူသည် သင်္ကန်းဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း၊ လှူခြင်း၊ ခင်းခြင်း စသော ကထိန်အမှုနှင့် ဆက်စပ်သမျှ အရာအားလုံးကို ခြုံငုံ၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။ ကထိန်သင်္ကန်းအလှူသည် ထူးခြားသော ဝိနည်းကံနှင့်အညီ လှူရသောကြောင့် ထူးခြားသော အလှူဖြစ်သည်။ အလှူသည် မိမိအလိုအလျောက်သဒ္ဓါပေါက်၍ လှူဒါန်းသော သင်္ကန်းသည်သာ ကထိန်ခင်းထိုက်သော သင်္ကန်းဖြစ်သည်။

ထို့အပြင် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့သည် မြတ်စွာဘုရားရှင်နှင့် သံဃာတော်များအား မသိုးသင်္ကန်း ကပ်လှူခြင်းကို ပြုလုပ်ကြသည်။ မသိုးသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသည် မြတ်စွာဘုရားလက်ထက်တော်ကတည်းကပင်ရှိခဲ့သည်။ မိထွေးတော်ဂေါတမီ အမှူးပြုသည့် နန်းတွင်းသူများသည် ဝါဂွမ်းမှအစ ချည်ငင်၊ ဆေးဆိုးခြင်း၊ ရက်ကန်းစင်တွင် ရက်လုပ်၊ သင်္ကန်းချုပ်ခြင်း လုပ်ငန်းတို့ကို ညတွင်းချင်း အပြီးဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။ နံနက် ၅ နာရီမထိုးမီ မြတ်ဗုဒ္ဓအား မသိုးသင်္ကန်း(ကထိန်သင်္ကန်း)ဆက်ကပ်လှူဒါန်းနိုင်အောင် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ တန်ခိုးကြီးဘုရားများတွင် ရက်ကန်းစင်များဖြင့် ပြည့်လျှက်ရှိပြီး မြတ်စွာဘုရားရှင်အား ရည်စူး၍ မသိုးသင်္ကန်း ရက်လုပ်လှူဒါန်းကြသည်။ တန်ဆောင်မုန်းလပြည့်နေ့ည မကျော်လွန်မီအချိန်အတွင်း အပြီးရက်လုပ်ရသောကြောင့် "မသိုးသင်္ကန်း"ဟု ခေါ်ဝေါ်ခြင်းဖြစ်သည်။

တန်ဆောင်မုန်း လပြည့်နေ့သည် သာမညဖလအခါတော်နေ့ဖြစ်ပြီး သံဃာတော်တို့၏ဂုဏ်တော်များကိုသီကျူးတော်မူခဲ့သော နေ့မြတ်အခါလည်းဖြစ်သည်။ ထိုနေ့တွင် မြတ်စွာဘုရားရှင်သည် မိုက်မှားလမ်းလွဲနေသော အဇာတသတ်မင်းအားရည်စူး၍ သင်ခန်းစာပေးခဲ့ပါသည်။ ထို့ကြောင့် တန်ဆောင်မုန်းလပြည့်နေ့ကို "သံဃာတော်နေ့"ဟုလည်း သီးခြားသတ်မှတ်ကာ ပူဇော်ခဲ့ပါသည်။ ထို့အပြင် ကြတ္တိကာနက္ခတ်စောင့်နတ်သားသည် တန်ဆောင်မုန်းလပြည့်နေ့တွင် လူ့ပြည်သို့ ဆင်းသက်လာသည်ဟုလည်း ယုံကြည်သက်ဝင်ကြသည်။ ထို့ကြောင့် ရှေးယခင်က မင်းနှင့် ပြည်သူတို့သည် ထိုနတ်သားကို ဆီမီးထွန်းညှိပူဇော်ခဲ့သည်ဟုဆိုသည်။

**ဆေးပေါင်းခသည့်ည**

ကြတ္တိကာနက္ခတ် စန်းယှဉ်သော တန်ဆောင်မုန်းလပြည့်ည၌ ဆေးပင်စောင့်နတ်အပေါင်းတို့သည် မဲဇလီပင်စောင့်နတ်အား လာရောက်ခစားကြသည်ဟု ဆိုသည်။ ထို့ကြောင့် မဲဇလီပင်သည် ဆေးပေါင်းခသည်ဟုလည်း ယုံကြည်ယူဆလျက် မဲဇလီဖူးသုပ်ကာ ဝေငှလှူဒါန်းမှုများပြုကြသည်။ တစ်အိမ်နှင့်တစ်အိမ် အပြန်အလှန် ဝေငှစားသောက်ကြသည်မှာ မြန်မာတို့၏ ချစ်စရာဓလေ့ပင်ဖြစ်သည်။ ထို့အပြင် တန်ဆောင်မုန်းလပြည့် ၁၂ နာရီတိတိအချိန်ကို ဆေးပေါင်းခသည့်ည၏ အစွမ်းထက်ဆုံး၊ အမြင့်မားဆုံးအချိန်အဖြစ် သတ်မှတ်ကာ မြန်မာတိုင်းရင်းဆေး ဆရာကြီးများသည် ဆေးဝါးမျိုးစုံ ဖော်စပ်လေ့ရှိကြသည်ဟု ဆိုသည်။

မြန်မာတိုင်းရင်းသားများသည် တန်ဆောင်မုန်းလပြည့်ညတွင် ပံ့သကူပစ်ပွဲ အလှူဒါနများကိုလည်း ပြုလုပ်ကြသည်။ ပံ့သကူဟူသော ဝေါဟာရသည် ပါဠိဘာသာ "ပံ့သကူလ"မှ ဆင်းသက်လာခြင်းဖြစ်သည်ဟုဆိုသည်။ ပံ့သကူပစ်ပွဲသည် အခြားပွဲများကဲ့သို့ လူစုလူဝေးဖြင့် ထင်ထင်ရှားရှား ကျင်းပသော ပွဲမျိုးမဟုတ်ဘဲ လူအများကွယ်ရာတွင်ဖြစ်စေ၊ ညအမှောင်ချိန်တွင်ဖြစ်စေ ချထားခြင်းဖြစ်သည်။ ထိုအလှူသည် အလှူခံမရွေး၊ လူပုဂ္ဂိုလ်မရွေးလှူရသော ဒါနဖြစ်၍ အလွန်စင်ကြယ်ကြောင်း၊ အလွန်ကြီးမြတ်သည့် အကျိုးများရရှိစေကြောင်း ဗုဒ္ဓဘာသာဝင်များက မြတ်စွာဘုရားရှိစဉ်အခါကပင် ယူဆကြပါသည်။

တန်ဆောင်မုန်းလပြည့်နေ့ညတွင် ကောင်းကင်ယံ၌ မိုးတိမ်ကင်းစင်ပြီး ကြယ်တာရာများစုံညီစွာ ထွန်းလင်းတောက်ပလေ့ရှိသည်။ ထိုသို့ မိုးလေကင်းလွတ်သောညချမ်းတွင် ဗုဒ္ဓအလောင်းတော်၏ဆံတော်ကိုဌာပနာပြီးတာဝတိံသာနတ်ပြည်တွင် တည်ထားသည့် စူဠာမဏိစေတီတော်ကို ရည်မှန်းကာ ဗုဒ္ဓါနုဿတိပွားများလျက် ဆီမီးများဖြင့် ပူဇော်ကန်တော့ကြခြင်းဖြစ်သည်။ ရှေးအခါက မြန်မာလူမျိုးတို့သည် နတ်ပြည်ရှိ စူဠာမဏိစေတီအား ဆီမီးပူဇော်သည့် အဓိပ္ပာယ် ပေါ်လွင်ထင်ရှားစေရန် မြင့်မားသော နေရာများပေါ်တွင် ဆီမီးထွန်းညှိပူဇော်လေ့ရှိကြသည်။ ထိုသို့ပူဇော်ခြင်းကို ဦးအောင်ကြီး၏ တန်ဆောင်မုန်းလဘွဲ့လူးတားတွင် "ခဝဲပွင့်တုန်း တန်ဆောင်မုန်းကား မချုန်းမိုးသားတိုင်ထိပ်ဖျားတွင် ငါးပါးကျိုးရှိ မီးပွင့်ညှိ၍"ဟု ဆိုထားခြင်းဖြစ်ပေသည်။

ထို့အပြင် မြတ်ဗုဒ္ဓကိုရည်မှန်းကာ မီးပုံးပျံပွဲများ၊ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်းတို့ကိုလည်း ပြုလုပ်ကြသည်။ တောင်ကြီးမြို့၏ တန်ဆောင်တိုင် မီးထွန်းပွဲတော်မှာ အစည်ကားဆုံးကျင်းပသည့် ရိုးရာပွဲတော်တစ်ခုဖြစ်သည်။ မီးပုံးပျံပွဲတော်တွင် နေ့မီးနှင့် ညမီးဟူ၍ နှစ်မျိုးခွဲကာ ပြိုင်ပွဲများ ကျင်းပလေ့ရှိသည်။ နေ့ပိုင်းအလှလွှတ်မီးပုံးများသည် အများအားဖြင့် ဘုရားပုံတော်များ၊ တိရစ္ဆာန်ရုပ်ပုံများဖြင့် မီးပုံးများပြုလုပ်ပြီး ကောင်းကင်သို့ လွှတ်တင်ကြသည်။

ညလွှတ်မီးပုံးပျံများတွင်မူ ညမီးကြီးနှင့် စိန်နားပန်ဟူ၍ နှစ်မျိုးရှိသည်။ ညမီးကြီးမှာ မီးပုံးပျံအောက်တွင် ယမ်းခွေပါဝင်ပြီး မီးပုံးပျံ ပျံတက်သည့်ကာလအတွင်း မီးရှူးမီးပန်းများ ပစ်လွှတ်ကာ ညမြင်ကွင်းကို အလှဆင်ကြသည်။ စိန်နားပန်မှာမူ မီးပုံးပျံအပြင် ကိုယ်ထည်ပေါ်နှင့် အောက်ဆွဲတွင် မီးပုံးအရောင်အမျိုးမျိုးဖြင့် ရုပ်ပုံများသော်လည်းကောင်း၊ စာလုံးများသော်လည်းကောင်း ပုံဖော်ကာလွှတ်တင်ကြသည်။ မိမိတို့နေအိမ်များတွင်လည်း မြတ်စွာဘုရားကို ရည်မှန်း၍ ဆီမီးပူဇော်လှူဒါန်းကြပါသည်။



တောင်ကြီးမြို့၌ တန်ဆောင်တိုင် မီးပုံးပျံပွဲတော်အခမ်းအနားကို နိုဝင်ဘာ ၁၂ ရက်က ကျင်းပစဉ်။

**နိဗ္ဗာန်ဈေးပွဲတော်ကိုလည်း ကျင်းပ**

ထို့အပြင် တန်ဆောင်မုန်းလတွင် နိဗ္ဗာန်ဈေးပွဲတော်ကိုလည်း ကျင်းပကြသည်။ နိဗ္ဗာန်ဈေးပွဲတော်ဆိုသည်မှာ အလှူပေးသည့် ဈေးပွဲတော်တစ်ခုဖြစ်သည်။ လှူချင်သူများသည် မိမိလှူလိုသည့် ပစ္စည်းမှန်သမျှကို ပေးဝေသည့် အလှူမျိုးဖြစ်သည်။ နိဗ္ဗာန်ဈေးကို တန်ဆောင်မုန်းလပြည့်နေ့နှင့် လပြည့်ကျော်ရက်များတွင် မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက် ကျင်းပလေ့ရှိကြသည်။

တန်ဆောင်မုန်းလတွင် ပေါ်ထွန်းသော ကြတ္တိကာနက္ခတ်ကို "သူခိုးနက္ခတ်" ဟု နက္ခတ်ပညာရှင်တို့က ယူဆကြသည်။ ထို့ကြောင့် "ကျီးမနိုးပွဲ"ပြုလုပ်ကြပါသည်။ နံနက်ကျီးမနိုးမီ အိမ်ရှင်တို့ မသိစေဘဲ အလွယ်တကူသယ်ယူနိုင်သော ပစ္စည်းများကို ခိုးယူ၍ လမ်းမတွင် စုပုံထားခြင်း၊ ဆိုင်းဘုတ်တစ်ခုနှင့်တစ်ခု လဲချိတ်ကြခြင်း စသည်ဖြင့် ရယ်မောပျော်ရွှင်ဖွယ်ဖြစ်အောင် ဖန်တီးကြသည်။ လူငယ် လူရွယ်တို့ ပျော်ရွှင်မှုပြုလုပ်ကြခြင်းဖြစ်သည်။ သို့သော် ပျော်ရွှင်မှုမလွန်ကဲစေရန် သတိထားကြရမည်ဖြစ်သည်။

တန်ဆောင်မုန်းလအကြောင်းကို "တန်ဆောင်မုန်းဖြိုဠာ၊ ကြတ္တိကာ၊ ရောင်ဝါရှိန်လို့ဖြိုး၊ ခဝဲပွင့်ချိန်၊ ခင်းကထိန်၊ ရွှေအိမ်ပိုင်လည်းစိုး"ဟု ကင်းဝန်မင်းကြီးက သံပေါက်လင်္ကာဖြင့် ဖွဲ့ဆိုခဲ့သည်။ တန်ဆောင်မုန်းလကို ဗေဒင်အခေါ်အဝေါ်အရ ဗြိစ္ဆာရာသီဟု ခေါ်ကြသည်။ ရာသီရုပ်မှာ ကင်းမြီးကောက်ရုပ်ဖြစ်သည်။ ရာသီပန်းမှာ ခဝဲပန်းဖြစ်သည်။

"ခဝဲပွင့်တုန်း၊ တန်ဆောင်မုန်း"
"ခဝဲပွင့်ချိန်၊ ခင်းကထိန်"
"ခဝဲလှိုင်လှိုင်၊ တန်ဆောင်တိုင်"

ဟူ၍ ရှေးစာဆိုကြီးများက စပ်ဆိုကြပါသည်။

ရာသီဥတုသာယာကောင်းမွန်သည့် တန်ဆောင်မုန်းလတွင် အိုးစည်ဒိုးပတ်သံ ညံမစဲ စည်ကားလျက်ရှိပြီး တန်ဆောင်တိုင်ပွဲတော်နှင့် တန်ဆောင်မုန်းလသည် ဗုဒ္ဓဘာသာဝင်တို့အား ရဟန်းပြုခြင်း၏ အကျိုးတရားများကို အမှတ်ရအောင် သတိပေးနေသည့် လတစ်လပင် ဖြစ်ပေသည်။ ။

# ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့တွင် မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲများ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ (၃၆)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့ ညနေ ၄ နာရီတွင် ရွှေတိဂုံစေတီတော် ရာဟုထောင့် အောင်မြေ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။



**ပေးအပ်လှူဒါန်း**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ပြိုင်ပွဲကျင်းပရေးဗဟိုကော်မတီဝင်များသည် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲကို ရွှေကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲဝင်ရက်ကန်းစင်တော်များ ယှဉ်ပြိုင်ရက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြကာ ရက်ကန်းစင်တော်များကို အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲတွင် ခွာညိုပန်းစင်တော်၊ မြတ်လေးပန်းစင်တော်၊ စံကားဝါပန်းစင်တော်၊ အင်ကြင်းပန်းစင်တော်၊ ကံ့ကော်ပန်းစင်တော်၊ ငုဝါပန်းစင်တော်၊ ပိတောက်ပန်းစင်တော်၊ စံပယ်ပန်းစင်တော်၊ သဇင်ပန်းစင်တော် စသည့် စင်တော်ကိုးစင် ပါဝင်ယှဉ်ပြိုင်ရက်လုပ်ကြပြီး ပထမဆု ငွေကျပ် ၂၇ သိန်း၊ ဒုတိယဆုငွေကျပ် ၂၅ သိန်း၊ တတိယဆု ငွေကျပ် ၂၃ သိန်း၊ စတုတ္ထဆု ငွေကျပ် ၂၁ သိန်း၊ နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ် ၁၀ သိန်း ချီးမြှင့်သွားမည်ဖြစ်သည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၏ အကြိမ် (၄၀) မြောက် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲကို စေတီတော်ရင်ပြင်တော်ရှိ တိုးချဲ့ဓမ္မာရုံရင်ပြင်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း တက်ရောက်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်ရက်ကန်းစင်တော်များ၏ ယှဉ်ပြိုင်ရက်လုပ်နေမှုကို ကြည့်ရှုအားပေးကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

စေတီတော်၏ မသိုးရွှေကြာသင်္ကန်းရက်လုပ်ပြိုင်ပွဲတွင် ရက်ကန်းစင်တော် ၂၄ စင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပထမဆု ငွေကျပ် ၁၅ သိန်း၊ ဒုတိယဆုငွေကျပ် ၁၀ သိန်း၊ တတိယဆု ငွေကျပ် ရှစ်သိန်းနှင့် နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ်လေးသိန်း ချီးမြှင့်သွားမည်ဖြစ်သည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ (၂၄)ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲကို စေတီတော်ရင်ပြင်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ယှဉ်ပြိုင်ရက်လုပ်ကြမည့် ရက်ကန်းစင်တော်များအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြကာ မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်နေမှုကို ကြည့်ရှုအားပေးကြသည်။

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၏ မသိုးသင်္ကန်းရက်လုပ်ပြိုင်ပွဲတွင် စင်တော် ခုနစ်စင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပထမဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယဆု ငွေကျပ် ရှစ်သိန်း၊ တတိယဆု ငွေကျပ် ခြောက်သိန်း၊ နှစ်သိမ့်ဆုတစ်ဆုလျှင် ငွေကျပ် ငါးသိန်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါစေတီတော်များ၌ ပြိုင်ပွဲဝင်များ ရက်လုပ်ခဲ့ကြသည့် မသိုးရွှေကြာသင်္ကန်းများကို တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်ဦးတွင် စေတီတော်နှင့် စေတီတော်ပရိဝုဏ်ရှိဗုဒ္ဓရုပ်ပွားတော်များကိုဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ဇော်မင်းလတ်(MNA)

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး (၃၅)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော် ရက်လုပ်ပူဇော်ခြင်း ဖွင့်ပွဲကျင်းပ



မန္တလေး နိုဝင်ဘာ ၁၄

မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား (၃၅)ကြိမ်မြောက် မသိုးမြတ်သင်္ကန်းတော်ရက်လုပ်လှူဒါန်းပူဇော်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မဟာမုနိဘုရားကြီးရင်ပြင်တော် မိုးကောင်းဓမ္မာရုံမဏ္ဍပ်၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး နေလင်းစိုးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရင်ပြင်တော်၌ ကျင်းပသည့် မသိုးမြတ်သင်္ကန်းတော်ရက်လုပ်လှူဒါန်းပူဇော်ခြင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းပေးပြီး မသိုးမြတ်သင်္ကန်းတော်အတွက် ဗိုင်းငင်၊ ဝါဖန်မှစတင်ကာ ရက်ကန်းစင်တော်များဖြင့် အဆင့်ဆင့်ရက်လုပ်လှူဒါန်းပူဇော်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြင်ဦးလွင်မြို့၌ (၂၄ )ကြိမ်မြောက် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၁၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့၌ တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရားကြီးတွင် မသိုးသင်္ကန်းရက်ကန်းခတ်ပူဇော်ပွဲကို (၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်) နိုဝင်ဘာ ၁၄ ရက် ညနေ ၆ နာရီက ဘုရားကြီးရင်ပြင်ပေါ်၌ ကျင်းပသည်။

အဆိုပါ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား (၂၄)ကြိမ်မြောက် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ရက်ကန်းခတ်နေမှုကို လှည့်လည်ကြည့်ရှုသည်။



ထို့နောက် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲတွင် သုမာလာ၊ သုစိတ္တာ၊ သုနန္ဒာ၊ သုဓမ္မာနှင့် သုဇိတာ စသည့် ရက်ကန်းစင်များဖြင့် မိမိတို့ရက်ကန်းစင်အလိုက် ရက်ဖောက်ယောက်ခြင်း၊ ချည်ဆက်ခြင်း၊ ရက်ကန်းခတ်ခြင်း၊ ရက်ကန်းစင်များမှရရှိသော သင်္ကန်းအား ဆက်ချုပ်ခြင်းတို့ဖြင့် မသိုးသင်္ကန်းကို အချိန်မီပြီးစီးနိုင်ရန်အတွက် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တန်ဆောင်တိုင် မီးထွန်းပွဲ

✻ နက္ခတ်စုံ ညအခင်း
လမင်းနှင့် ကြတ္တိကာ
တွဲယှဉ်လို့သာ၊
ရာသီက ဗြိစ္ဆာ
မာလာက ခဝဲပန်း။
သင်းကြည်ကြည် နှင်းရည်ဆမ်းတယ်
ချမ်းမြေ့ရွှင်လန်း။

✻ ဆောင်းအဝင် တန်ဆောင်မုန်း
အမြတ်ဆုံး ကာလ၊
ဘုရားရှင် မုက္ခပါဠ်
မှတ်သားနာခံ၊
ကထိန ဒါန်
စီဝရံ ဒေမ။
စေတနာ သဒ္ဓါထက်တယ်
ဆက်ကပ်လှူကြ။

✻ တန်ဆောင်မုန်း လပြည့်ည
မြတ်ဗုဒ္ဓ ထံပါးမှာ၊
နှလုံး မကြည်မလင်နဲ့
မပြုံးမရွှင် အဇာတသတ်မင်း
ဝပ်စင်းရောက်လာ၊
မြတ်ဗုဒ္ဓရယ်က
သာမညဖလ ဒေသနာ
ဟောကြားရာ နာစဉ်ခဏ။
သောကဝေဒနာနဲ့
အဇာတသတ်ခမျာ အပူသိမ်းလို့
အေးငြိမ်းရွှင်ပျ။

✻ တန်ဆောင်မုန်း လပြည့်ည
လှလည်းလှ သာလည်းသာ၊
သာမညဖလ အခါတော်ခင်း
ကျင်းပချိန်ခါ၊
ဆောင်းဦးပေါက် လေညင်းဖြာ
ကောင်းကင်ပြာ မြူတိမ်ကင်း။
ဆီမီး မြိုင်မြိုင်နဲ့
တန်ဆောင်တိုင် မီးထွန်းပွဲကို
နွှဲစို့ဖော်ချင်း။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်၌ တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ဖွင့်ပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၄**

တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းထွန်းဦး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) ဥက္ကဋ္ဌ ဦးအေးဝင်းနှင့်ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ စက်မှုဇုန်အသီးသီးမှ တာဝန်ရှိသူများ၊ စက်မှုလုပ်ငန်းရှင်များ၊ MSME လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တန်ဆောင်တိုင်ဈေးရောင်းပွဲတော်နှင့် ဂီတပွဲတော်ကို စည်ပင်သာယာရေးဝန်ကြီး (မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ UMFCCI ဥက္ကဋ္ဌနှင့် စက်မှုဇုန်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာသော ဧည့်သည်တော်များက ဈေးဆိုင်ခန်းများအား လှည့်လည်ကြည့်ရှုကာ ဝယ်ယူအားပေးကြသည်။

အဆိုပါပွဲတော်တွင် MSME လုပ်ငန်းများနှင့် ဆက်စပ်သည့်ဌာနဆိုင်ရာများနှင့် MSME Talk Show များ၊ အထူး Promotion အနေဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ငါးထွက်ကုန်များကို ပြသရောင်းချခြင်းနှင့် ပွဲတော်ကို နိုဝင်ဘာ ၁၆ ရက်အထိ သုံးရက်တိုင်တိုင်ကျင်းပပြီး MSME လုပ်ငန်းရှင်များ၊ MSME လုပ်ငန်းများနှင့်ဆက်စပ်သည့်ဌာနဆိုင်ရာများ၊ ကျောင်းသားလူငယ်များ စာဖတ်ရှိန်မြင့်မားစေရေးအတွက် စာအုပ်အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများအပါအဝင် ဆိုင်ခန်းပေါင်း ၄၈၉ ခန်းနှင့် ပွဲတော်ရက်များအတွင်း အလှမီးများဖြင့် ပူဇော်ခြင်း၊ လပြည့်နေ့နှင့် အဖိတ်နေ့တို့တွင် မီးပုံးပျံလွှတ်တင်မည့် အစီအစဉ်များ၊ ရုပ်ရှင်၊ သဘင်၊ ဂီတနယ်ပယ်မှ ကျော်ကြားသောအနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့် ပွဲတော်လာပြည်သူများ သွားလာရေးအဆင်ပြေလွယ်ကူစေရန် YBS ယာဉ်များဖြင့် အကြို/အပို့ယာဉ်များလည်း စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။ **သတင်း-ဇော်မင်းလတ်**

**ဓာတ်ပုံ- အောင်မြင့်(ပြန်/ဆက်)**

# မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားဝင်း၌ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲ ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၁၄**

မွန်ပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ၂၀၂၄ ခုနှစ် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ ညနေပိုင်းက မော်လမြိုင်မြို့ မဟာမြတ်မုနိဘုရားဝင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အနေဖြင့် တန်ဆောင်တိုင် ပွဲတော်ကို မြို့နယ်အလိုက် ကျင်းပခဲ့ကြပြီး မော်လမြိုင်မြို့၌ ကျိုက်သလွံ၊ ကျိုက်သုတ် ဘုရားပွဲတော်များ၊ ဆွမ်းအိုးမျှောပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခြင်း၊ စတုဒိသာအလှူများ ကျွေးမွေးခြင်းတို့ဖြင့် ဒေသ၏ပွဲတော်ရိုးရာဓလေ့များကို အစဉ်အလာမပျက် ကျင်းပခဲ့ကြောင်း၊ မိမိဒေသ၏ ယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းဆောင်ရွက်ခြင်းဖြင့် မြို့၊ ရွာသာယာပြီး ပြည်သူများ ပျော်ရွှင်ကြည်နူးရသည့်အပြင် စီးပွားရေးတိုးတက်မှု၊ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးလာမှုများကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးနှင့် သယံဇာတရေးရာဝန်ကြီးတို့က ၂၀၂၄ ခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်ပြည်နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံများက ထုတ်လုပ်သော ကုန်ပစ္စည်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ထုတ်ကုန်များ၊ ဒေသထွက် ရိုးရာအစားအစာများ ရောင်းချနေမှုများကို လှည့်လည်ကြည့်ရှု အားပေးသည်။

အဆိုပါတန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ကြာ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# တွံတေးမြို့၌ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ ကျင်းပ

**တွံတေး နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ကျက်သရေဆောင် ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သာ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် မွန်းလွဲ ၃ နာရီက စတင်၍ ရွှေဆံတော်စေတီရင်ပြင်ရှိ ဒေါ်ပု ချစ်တီးတန်ဆောင်း၌ ဖွင့်လှစ်သည်။

မသိုးသင်္ကန်ရက်လုပ်ပူဇော်ပွဲဖွင့်ပွဲသို့ တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်နွယ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်မြင့်၊ ရွှေဆံတော်ဘဏ္ဍာတော်ထိန်းဂေါပကဥက္ကဋ္ဌ ဦးအေးကိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရွှေဆံတော်ဂေါပကဘဏ္ဍာတော်ထိန်း ဥက္ကဋ္ဌ ဦးအေးကိုက မသိုးသင်္ကန်းရက်လုပ်ပူဇော်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မသိုးသင်္ကန်းရက်လုပ်ပူဇော်မည့်စင်တော်များကို လိုက်လံကြည့်ရှုအားပေးသည်။

မြို့နယ်အတွင်းရှိ ရှမ်းစုကြီး နှစ်စင်၊ ညောင်တံခါးနှစ်စင်၊ ငါးခုမ်းမစမ်း တစ်စင်၊ ရွှေဆံတော် တစ်စင်၊ ကျုံးကြီးတစ်စင် စသည့်ရှမ်းလေးရွာမှ အမျိုးသမီးများက ရက်ကန်းစင် ခုနစ်စင် ပါဝင်ရက်လုပ်ပူဇော်ခြင်းဖြစ်ကြောင်း သိရသည်။ **တွံတေးသား**



# တပ်ကုန်းမြို့ တန်ဆောင်တိုင်ပွဲတော်နှင့် MSME ဈေးရောင်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် ရိုးရာပွဲတော်ကို ဖော်ထုတ်မြှင့်တင်အားပေးခြင်းဖြင့် တပ်ကုန်းမြို့



တန်ဆောင်တိုင်ပွဲတော်နှင့် MSME ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိရာ ယနေ့ညနေပိုင်းက We Love TatKone စာလုံးဖော်၍ မြို့နယ်ပြည်သူ့အားကစားကွင်းဝင်းအတွင်း၌ မီးပုံးပျံများနှင့် မီးရှူးမီးပန်းများ လွှတ်တင်ခဲ့သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ နေပြည်တော်MSME အသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် မြို့နယ် MSME အသင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့်အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ ရပ်ဝေး၊ ရပ်နီးမှ ဧည့်ပရိသတ်များ စုစုပေါင်း လေးထောင်ကျော် ပါဝင်ဆင်နွှဲ၍ မီးပုံးပျံအလုံး ၃၅၀ နှင့် မီးရှူးမီးပန်းများ လွှတ်တင်ခဲ့သည်။

တပ်ကုန်းမြို့ တန်ဆောင်တိုင်ပွဲတော်နှင့်MSME ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၅ ရက်မှ ၁၆ ရက်အထိ နွားလှည်းယဉ်ကျေးပြိုင်ပွဲများ၊ ညပိုင်းတွင် နိုင်ငံကျော်အဆိုတော်များက စတိတ်ကားဖြင့် လှည့်လည်ဖျော်ဖြေပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုးလွင်**

သန်လျင်ခရိုင် သန်လျင်မြို့ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီ တန်ဆောင်တိုင် (၃၉) ကြိမ်မြောက် မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲဖွင့်ပွဲကို နိုဝင်ဘာ ၁၄ ရက် ညနေက ရင်ပြင်တော်ရှုခင်းသာတန်ဆောင်း၌ ကျင်းပပြီး ရက်ကန်းစင်တော်များ၏ရက်လုပ်ယှဉ်ပြိုင်မှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့်အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။ သန်းဝင်း(သန်လျင်)



# ထားဝယ်မြို့၌ နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်ပူဇော်



ထားဝယ် နိုဝင်ဘာ ၁၄

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ဘုရားကြီးဂေါပကအဖွဲ့က ကြီးမှူး၍ ရပ်ကွက်ပေါင်းစုံပါဝင်သော (၁၁၂)ကြိမ်မြောက် တန်ဆောင်တိုင်ပွဲတော် နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ ရွှေတောင်စားလမ်း လောကမာရဇိန်ဘုရားကြီးဝင်း အရှေ့ဘက်မုခ်မှစ၍ ထားဝယ်မြို့အတွင်း စည်ကားသိုက်မြိုက်စွာ ဒေသစာရီလှည့်လည်အပူဇော်ခံခဲ့သည်။

ထိုသို့လှည့်လည်အပူဇော်ခံရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊တိုင်းဒေသကြီးဝန်ကြီးများ၊ ဒေသခံပြည်သူများနှင့်ဘုရားဖူးလာပြည်သူများက ဖူးမြော်ကြည်ညိုကြသည်။

နှစ်ကျိပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်ပူဇော်ခံရာ လမ်းတစ်လျှောက်တွင် ဒေသခံပြည်သူများက ဆွမ်း၊ ရေချမ်းပန်း၊ ဆီမီး၊ ငွေပဒေသာပင်များ ကပ်လှူပူဇော်ကြပြီး စေတနာရှင်၊ အလှူရှင်များက အအေး၊ ဖျော်ရည်၊ စားသောက်ဖွယ်ရာများ စတုဒိသာများဖြင့် ဧည့်ခံကြသည်။

နှစ်ကျိပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲကြီးကို ဘုရားကြီးဝင်းအတွင်း၌ တန်ဆောင်မုန်းလဆန်း ၁၁ ရက်မှ တန်ဆောင်မုန်းလပြည့်အထိ ကျင်းပလျက်ရှိရာ ရဟန်းရှင်လူပြည်သူများ၊ ဈေးဆိုင်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြိတ်မြို့ (၉၄)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

မြိတ် နိုဝင်ဘာ ၁၄

တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားရပ်ကွက် ဘုရားငါးဆူကွင်းတွင် ဗုဒ္ဓဘာသာ အသင်းကြီးက ကြီးမှူး၍ အစဉ်အလာမပျက် ကျင်းပလျက်ရှိသော (၉၄)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဘုရားတွင် ပွဲတော်ရက်များ အတွင်း ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်။



နှစ်ကျိပ်ရှစ်ဆူဘုရား ပူဇော်ပွဲတော်သည် တန်ဆောင်မုန်းလတွင် စည်ကားသိုက်မြိုက်စွာ ပူဇော်ကျင်းပသည့် ဗုဒ္ဓပူဇာသဘင်ဖြစ်ကာ ပွဲတော် ရက်များအတွင်း စတုဒိသာကျွေးမွေးခြင်း၊ ဇာတ်သဘင်နှင့် ပျော်ပွဲရွှင်ပွဲများဖြင့် နိုဝင်ဘာ ၁၀ ရက်မှ ၁၅ ရက် အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၀ ရက်မှလပြည့်နေ့အထိ ကျင်းပမည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်ညနေတွင် ဘုရားငါးဆူကွင်း ယာယီစံကျောင်းတော်မှ မြို့တွင်းလှည့်လည်ပူဇော်ပွဲကို ဗုဒ္ဓဘာသာအသင်းကြီးက ဦးဆောင်ကာ ဘုရားပွင့်စဉ်များအလိုက် ပြာသာဒ်မော်တော်ယာဉ်များဖြင့် မီးအလှဆင်ကာ ရပ်ကွက်အသီးသီးသို့ လှည့်လည်ပူဇော်ကြမည်ဖြစ်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဗုဒ္ဓမြတ်စွယ်တော်လှည့်လည်အပူဇော်ခံပွဲ ကျင်းပ



ပြည် နိုဝင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဗုဒ္ဓမြတ်စွယ်တော် လက်ယာရစ် လှည့်လည်အပူဇော်ခံပွဲကို ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက် မွန်းလွဲ ၃ နာရီတွင် ကျင်းပသည်။

ဦးစွာ ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ထားသော စိန်စေတီတော်ကို ပန်းရထားပေါ်သို့ ပင့်ဆောင်၍ ရွှေဆံတော်စေတီတော်မြတ်ကြီး ဘုရားရင်ပြင်တော်ပေါ်၌ လက်ယာရစ် သုံးကြိမ်လှည့်လည်အပူဇော်ခံပြီး ဗုဒ္ဓမြတ်စွယ်တော်အား မြတ်စွယ်တော်တိုက်အတွင်း မှန်ကျောင်းဆောင်တွင် ပြန်လည်ပင့်ဆောင် အပူဇော်ခံခဲ့သည်။

အဆိုပါအခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စိုးဦးဟန်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဂေါပကအဖွဲ့များ တက်ရောက်ခဲ့ကြပြီး ဝေယျာဝစ္စအဖွဲ့များနှင့် ဘုရားဖူးပြည်သူများက ကုသိုလ်ယူပါဝင်ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ကိုစိုး(ပြန်/ဆက်)**

# ဒေးဒရဲမြို့၌ တန်ဆောင်တိုင်ဆွမ်းလုံးချပွဲတော် အထိမ်းအမှတ် ပဒေသာပင်များ စုပေါင်းလှည့်လည်

ဒေးဒရဲ နိုဝင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တန်ဆောင်တိုင်ဆွမ်းလုံးချပွဲတော်အထိမ်းအမှတ် ပဒေသာပင်များစုပေါင်းလှည့်လည်ပွဲကို ယနေ့ညနေက မြို့ပေါ်ရပ်ကွက်များ တစ်လျှောက် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**လှူဒါန်းမည်**

ဒေးဒရဲမြို့နယ်တွင် နှစ်စဉ် တန်ဆောင်တိုင် ဆွမ်းလုံးချပွဲတော်ကို တန်ဆောင်မုန်းလပြည့်နေ့ နံနက်ပိုင်းတွင် မြို့ကျက်သရေဆောင်ဆုတောင်းပြည့်စုံကျိုက်ဒေးယျံစေတီတော်မြတ်ကြီးတွင် မြို့ပေါ်ရပ်ကွက်များရှိ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ရပ်ကွက်/ကျေးရွာများရှိ အသင်းအဖွဲ့များအလိုက် ပဒေသာပင်များကို မြို့ပေါ်နှင့် ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းတိုက်များသို့ စာရေးတံမဲဖောက်၍ လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

ဆုတောင်းပြည့်စုံ ကျိုက်ဒေးယျံစေတီတော်မြတ်ကြီးတွင် တန်ဆောင်မုန်းလဆန်း ၁၄ ရက်နှင့် တန်ဆောင်မုန်းလပြည့်တို့တွင် ဘုရားဖူးလာပြည်သူများအား အလှူရှင်များက စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များက ဆီမီးများ ထွန်းညှိပူဇော်ခြင်း၊ ဆွမ်းတော်ကြီးပေါင်းတင်လှူပွဲများကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေဇာလင်း**



# ဘိုကလေးမြို့နယ်လုံးဆိုင်ရာ (၃၈)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ



ဘိုကလေး နိုဝင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော်ကိုနှစ်စဉ်အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ ယခုနှစ် (၃၈) ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ဘုရားပွဲတော် ဒုတိယနေ့လှည့်လည်အပူဇော်ခံပွဲကို နိုဝင်ဘာ ၁၃ ရက် (တန်ဆောင်မုန်းလဆန်း ၁၄ ရက်)ညနေ ၄ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဒုတိယနေ့ကျင်းပရာတွင် ဘုရားပွဲကျင်းပရေး ဗဟိုအဖွဲ့နှင့် မြို့ပေါ်ရပ်ကွက် ၁၀ ခုရပ်ကွက်၊ ဘုရားချောင်းကျေးရွာ၊ ကွင်းဝိုင်းကျေးရွာနှင့် ကုလားကြီးချောင်း ကျေးရွာ အစရှိသည့် ရပ်ကွက်/ကျေးရွာ ၁၄ ဖွဲ့မှ တစ်ဖွဲ့လျှင် နှစ်ဆူနှုန်းဖြင့် နှစ်ကျိပ်ရှစ်ဆူမြတ်ဘုရားများအား ဘုရားဂေါပကများက ပင့်ဆောင်ကာ မြို့တွင်း လှည့်လည်အပူဇော်ခံပြီး ခုတင်(၁၀၀)ပြည်သူ့ဆေးရုံဝင်းအတွင်း ဒေသစာရီကြွချီအပူဇော်ခံကြသည်။

မြို့နယ်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်ကို တန်ဆောင်မုန်းလဆန်း ၁၂ ရက်မှ လပြည့်ကျော် ၁ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်(တေဇောဓာတ်လောင်ကျွမ်းခြင်း) အထိ စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

**ဆရာကြည်**



(၁၇-၁၀-၂၀၂၄ ရက်နေ့မှအဆက်)

တစ်နေ့သောအခါ ယင်းမိစ္ဆာအယူရှိသော သားအဖ နှစ်ယောက်သည် လှည်းဖြင့် တောသို့ ထင်းခုတ်သွားကြပါသည်။ ၎င်းတို့သည် ပြန်လာသောအခါ မြို့ပြင်သုသာန်အနီး၌ နွားများဖြုတ်၍ ထမင်းစားကြပါသည်။ နွားများသည် မြို့ထဲသို့ဝင်သွား၍ ဖခင်ဖြစ်သူ မြို့ဝင်ပြီး နွားကို ဖမ်းယူပြန်လာသောအခါ၌ မိုးချုပ်၍ မြို့တံခါးပိတ်ထားသောကြောင့် အပြင်ထွက်၍မရသဖြင့် ၎င်း၏သားငယ်သည် တစ်ယောက်တည်း လှည်းအောက်၌ အိပ်နေလေသည်။

ဤအချိန်တွင် ရာဇဂြိုဟ်ပြည်သည် ဘီလူးများပေါသည်။ ညဘက်ရောက်သောအခါ သမ္မာဘီလူးနှင့် မိစ္ဆာဘီလူးတို့သည် ဤကလေးရှိရာသို့ရောက်လာကြပါသည်။ သမ္မာဘီလူးက တားပါလျက် မိစ္ဆာဘီလူးသည် ကလေး၏ ခြေထောက်နှစ်ချောင်းကို ဆွဲလိုက်ပါသည်။ ဤသူငယ်ကလေးက သူကျင့်ထားသော ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း "နမော ဗုဒ္ဓဿ"ဟု ရွတ်ဆိုလိုက်လေသည်။

ဤသို့ရွတ်လိုက်သောအခါ ဘီလူးသည် ကြောက်လန့်၍ နောက်ဆုတ်သွားလေသည်။ ထို့နောက် သမ္မာဘီလူးက ငါတို့မပြုထိုက်သည်ကို ပြုမိသည့်အတွက် ဒဏ်ခံရမည်ဆိုပြီး "နမောဗုဒ္ဓဿ" ရွတ်သောလူငယ်ကို စောင့်ရှောက်ကာနေလေသည်။ မိစ္ဆာဘီလူးက ဗိမ္ဗိသာရမင်းကြီး၏ ပွဲတော်ကို ခိုးယူလာပြီး ဘီလူးနှစ်ဦးသည် သူငယ်ကိုနှိုး၍ မိဘသဖွယ် ကျွေးမွေးလေသည်။ တန်ခိုးဖြင့် မင်းကြီးသာ မြင်နိုင်အောင် ပွဲတော်အုပ်တွင် ယင်းအကြောင်းအရာနှင့်ပတ်သက်၍ အက္ခရာတို့ဖြင့် ရေးထားလေသည်။

နောက်တစ်နေ့နံနက်တွင် ပွဲတော်အုပ်ပျောက်၍ အနံ့လိုက်ရှာကာ မြို့ပြင်၌ ထင်းပုံကြားတွင် တွေ့ရပြီး ထိုနေရာ၌ အိပ်နေသောသူငယ်ကို ဖမ်း၍ခေါ်သွားလေသည်။

သူငယ်ကို ခေါ်လာပြီး မင်းကြီးသည် သူ့ထံအပ်သောအခါ ပွဲတော်အုပ်၌ ရေးထားသော အက္ခရာကို တွေ့သဖြင့် သူငယ်အားမေးသည်။ သူငယ်ကလည်း သူတွေ့ကြုံသမျှ ဖြေလိုက်သည်။ ထိုအခါ မင်းကြီးသည် သူငယ်၏ မိဘများအားခေါ်၍ ၎င်းတို့ သုံးဦးကို ဦးတည်၍ ဘုရားထံသို့ခေါ်ရာ ဘုရားရှင်အား လျှောက်ထားလေသည်။ "မြတ်စွာဘုရားရှင်တော် ဘုရား၏ ဂုဏ်တော်ကို အဖန်တလဲလဲ အောက်မေ့တတ်သော သတိသာတရား ဖြစ်ပါသလော။ အခြားစောင့်ရှောက်တတ်သည့် တရားလည်းရှိပါသလော" ဟု မေးလျှောက်လေသည်။

ဘုရားရှင်သည် "မင်းကြီး "ဗုဒ္ဓါနုဿတိ" သည်သာ စောင့်ရှောက်သည်မဟုတ်ပါ။ တရားဂုဏ်တော်ကို ပွားများသူတို့ကိုလည်း အခြားစောင့်ရှောက်ဖွယ်ဖြစ်သည့် ဆေးဝါးမန္တာန်ဂါထာမလိုဘဲ စောင့်ရှောက်ပါသည်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်သုံးဆယ့်နှစ်ကောဋ္ဌာသ၊ ကရုဏာဘာဝနာ၊ မေတ္တာဘာဝနာ ဤခြောက်မျိုး တစ်ခုခုကို အမြဲမပြတ် နေ့ရောညပါ သတိထားပွားများပါကလည်း အခါခပ်သိမ်း ကောင်းစွာနိုးကြားကုန်သည်။ ဘေးကင်းကုန်၏" ဟူ၍ ခြောက်ဂါထာဖြင့် ဟောကြားတော်မူသည်။ ဤတရားများကို မိစ္ဆာအယူရှိသော သားအမိသားအဖသုံးဦးသည် သောတာပန် ဖြစ်သွားလေသည်။ ၎င်းတို့ရဟန်းပြုသောအခါ ရဟန္တာများ ဖြစ်သွားကြလေသည်။

## စုန္ဒ ဝက်သတ်သမားအကြောင်း

ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော် မနီးမဝေးရှိ ရွာတစ်ရွာတွင် ဝက်သတ်သမားတစ်ဦးရှိသည်။ ၎င်းသည် "စုန္ဒ" အမည်ရှိသည်။ သူသည် ဝက်များကို မွေးပြီး နေ့တိုင်း ဝက်များကို အသားတိုးအောင် ရိုက်ပုတ်ပြီးမှ ရေနွေးကျက်ကျက်ဆူအောင်လုပ်ကာ ဝက်ပါးစပ်ထဲသို့ လောင်းထည့်၍ ဝက်များကို သတ်လေသည်။ သူသည် သူ့မယားနှင့်တကွ ၎င်းဝက်များကို စားလည်းစားသည်။ ရောင်းလည်း ရောင်းသည်။ ဤသို့ဖြင့် အသက်မွေးလေသည်။ ဘုရားရှင်အနီးနေလျက် တစ်နေ့မျှ ဆွမ်းတစ်နပ်၊ ပန်းတစ်ဆုပ် လှူခြင်းမပြုပါ။ ကုသိုလ်ပြုမှု မရှိပါ။

စုန္ဒသည် လေးဆယ့်ငါးနှစ်တိုင်တိုင် ဤသို့သော အကုသိုလ်အလုပ်ဖြင့် အသက်မွေးလုပ်ကိုင်စားသောက်နေသည်။ တစ်နေ့သော် ၎င်းသည် ရောဂါစွဲကပ်၍ သေအံ့သောအခါ၌ သူပြုကျင့်ခဲ့သော ကံကြောင့် ခံစားရလေသည်။ သူသည် အဝီစိငရဲကဲ့သို့ မီးသည် သူ့ကို မနေနိုင်အောင် ပူလောင်နေသည်။ အိမ်ထဲ၌ ဝက်ကဲ့သို့မြည်တမ်းအော်ဟစ်လျက် ဒူးနှစ်ဖက်ဖြင့်သာ လှည့်ပတ်သွားလာနေရပါသည်။

စုန္ဒသည် အိမ်ထဲ၌ ဝက်ကဲ့သို့ အော်ဟစ်သောကြောင့် ဘေးအိမ်မှလူများ ဆူညံ၍ မအိပ်ရပါ။ အဖြစ်ဆိုးသည်။ ပတ်ဝန်းကျင် ခုနစ်အိမ်တို့တွင်နေသော လူတို့သည် စုန္ဒ၏အသံကြောင့် စိတ်ညစ်ကြရသည်။ ၎င်းကို သူ့အိမ်ထဲမှ အပြင်မထွက်လာအောင် တံခါးကိုပိတ်ပြီး အပြင်မှ စောင့်နေကြသည်။

စုန္ဒသည် အိမ်ထဲ၌ ငရဲမီးမျှ ပူလောင်၍ ပြင်းစွာ ပူလောင်ခံစားနေရသည်။ ဤသို့ ခုနစ်ရက်တိုင် မြည်တမ်းအော်ဟစ်နေရပြီး သေသော် အဝီစိငရဲ၌ ဖြစ်ရလေသည်။ စုန္ဒအိမ်ဘေးမှသွားသော ရဟန်းတို့သည် ဝက်အော်သံကဲ့သို့ ကြားနေရသည်။ ရဟန်းတို့သည် ဘုရားရှင်ထံသို့သွား၍ "မြတ်စွာဘုရား စုန္ဒအိမ်တံခါးပိတ်၍ ဝက်ကိုသတ်သည်မှာ ခုနစ်ရက် မြောက်ပါပြီ။ ထိုအိမ်၌ မင်္ဂလာအမှုပြုသည်ဟု ထင်မိပါသည်" ဟု လျှောက်ထားကြပါသည်။

ထိုအခါ ဘုရားရှင်သည် "ရဟန်းတို့ ဝက်သတ်သမားသည် ဝက်များကို သတ်သည်မဟုတ်ပါ။ သူသည် နှစ်ပေါင်းများစွာ ဝက်များကိုသတ်သည့် အကုသိုလ်ကြောင့် အသက်ရှင်စဉ်မှာပင် အဝီစိငရဲမီး အပူကို ခုနစ်ရက်လုံးလုံး ခံစားရသည်။ ၎င်းသည် အိမ်ထဲတွင် ဝက်ကဲ့သို့ အော်ဟစ်နေရသည်။ ယနေ့ သေ၍ အဝီစိငရဲ၌ဖြစ်လေသည်။ မကောင်းမှုပြုသူသည် ရဟန်းဖြစ်စေ၊ လူဖြစ်စေ ပစ္စုပ္ပန်တမလွန် နှစ်တန်သောဘဝတို့၌ စိုးရိမ်ပူပန်ဆင်းရဲရသည်တည်း စသည်ဖြင့် ဟောကြားတော်မူလေသည်။

## ဝက်နှင့်ဗြဟ္မာ တစ်လှည့်တစ်ခါ

ဘုရားရှင် ဆွမ်းခံကြွတော်မူလာစဉ် ဝက်စားကျင်း၌ တရှုတ်ရှုတ်နှင့် စားနေသော ဝက်မငယ်တစ်ကောင်ကိုမြင်သည်။ ပြုံးတော်မူသည်။ ဤအဖြစ်ကိုမြင်၍ အရှင်အာနန္ဒာက ဘုရားရှင်အား လျှောက်လေသည်။ ထိုအခါ ဘုရားရှင်က "ချစ်သား အာနန္ဒာ ဤဝက်မငယ်ကား ရှေးအတိတ်ကံကြောင့် ဗြဟ္မာပြည်၌ ဗြဟ္မာဖြစ်ခဲ့သည်။ ဗြဟ္မာပြည်မှ စုတေသောအခါ ၎င်းသည် ယခု ဝက်မဖြစ်ရလေ၏"ဟု မိန့်တော်မူလေသည်။

ဘုရားရှင်မိန့်တော်မူသော စကားကို ကြားရသော ရဟန်းတို့သည် လွန်စွာထိတ်လန့်ကြလေသည်။ ဘုရားရှင်သည် ထိုအခါ၌ "ဘဝတဏှာ" ၏ ဆိုးရွားပုံကို ထင်ရှားစွာပြလိုသောကြောင့် လမ်းပေါ် ရပ်လျက် ခြောက်ဂါထာဖြင့် ဤတရားတော်ကို ဟောတော်မူလေသည်။

"ရဟန်းတို့ သစ်ပင်တစ်ပင်တွင် ရေသောက်အမြစ်သည် အဓိကဖြစ်၍ အပျက်အစီးမရှိဘဲ ခိုင်မြဲလျက်ရှိသည်။ ယင်းရေသောက်မြစ်ကို မသတ်လေသမျှ ပင်စည်သည် မည်မျှခုတ်သော်လည်း တစ်ဖန်ပြန်ပေါက်ရန် ရှင်သန်သကဲ့သို့ ကိန်းဝပ်နေသော တဏှာကို အရဟတ္တမဂ်ဖြင့် မဖြတ်မနုတ်ပစ်အပ်သေးသော်ဤသံသရာဝဋ္ဋ်ဆင်းရဲသည်အဖန်တလဲလဲ ဖြစ်ရလေသည်။ နှစ်သက်ဖွယ်အာရုံများကို စီးဝင်နေသော (အာယတန)နှင့် ပြည့်စုံသည့်တဏှာသည် ရေအလျဉ်ကဲ့သို့ အာရုံအားလုံး၌ စီးဝင်နေသည်။ ဤသို့အားဖြင့် ရစ်ပတ်နေသော တဏှာသည် အာရုံခြောက်ပါး ဒွါရ၌ တည်ရှိနေသည်။ တဏှာ၏ သားကောင်ဖြစ်သော သတ္တဝါတို့သည် သာယာနှစ်သက်၍ လောကီချမ်းသာကို ရှာမှီးကြကုန်သည်။ ထို့ကြောင့် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းသို့ မလွဲမသွေ မုချကပ်ရောက်ကြပေမည်။ တဏှာ၏ ဦးဆောင်ခေါ်ရာသို့ လိုက်ပါနေကြသော သတ္တဝါတို့သည် ရှည်ကြာစွာ အဖန်တလဲလဲ ဆင်းရဲခြင်းသို့ ရောက်ကြကုန်၏။

ဘုရားရှင်က အထက်ပါအတိုင်း မိန့်မြွက်ဟောကြားလေသည်။ အသိတရားကို ရဟန်းတို့အား သိရှိအောင်၊ ရှင်းလင်းအောင် ဥပမာပေး၍ ဟောကြားလေသည်။

## သိကြားမင်းနှင့် "သုပ္ပဗုဒ္ဓ" လူနူတို့အကြောင်း

"သုပ္ပဗုဒ္ဓ" အမည်ရှိသော လူနူသည် ရာဇဂြိုဟ်ပြည်၌နေသည်။ ၎င်းသည် တစ်နေ့၌ ဘုရားရှင် ဟောသော တရားကို ပရိသတ်တို့အစွန်၌ထိုင်လျက် တရားနာလေသည်။ ယင်းသို့ တရားနာရသဖြင့် ၎င်းသည် သောတာပန်ဖြစ်သွားလေသည်။ တရားပွဲပြီးသော် ပရိသတ်များ ဖယ်ခွာသွားကြပါသည်။ ထိုအခါ ၎င်းသည် မိမိရအပ်သော ဂုဏ်ကျေးဇူးကို ဘုရားရှင်အား လျှောက်ထားလိုသောကြောင့် ဘုရားရှင်ရှိရာ ကျောင်းတော်သို့ လိုက်သွားလေသည်။

ထိုအချိန်၌ သိကြားမင်းသည် သုပ္ပဗုဒ္ဓ လူနူကို စုံစမ်းလိုသောကြောင့်အကြံဖြင့် သူ့ထံသို့သွားရောက်ပြီး ကောင်းကင်မှ ရပ်လျက် "သုပ္ပဗုဒ္ဓ" လူနူအား ဤသို့ဆိုလေသည်။ " သုပ္ပဗုဒ္ဓ သင်သည် ဆင်းရဲသူတစ်ယောက်ဖြစ်ပါလျက် တောင်းခံစားသောက်ရသော အထီးကျန်တည်း။ ငါသည် သင့်အားမရေမတွက်နိုင်သော ဥစ္စာကိုပေးအံ့။ ဘုရားသည် ဘုရားမဟုတ်၊ တရားသည် တရားမဟုတ်၊ သံဃာသည် သံဃာမဟုတ် စသည်ဖြင့် ငါအား ဘုရား၊ တရား၊ သံဃာဖြင့် အကျိုးမရှိဟူ၍ဆိုလော့" ဟု ပြောလေသည်။

သိကြားမင်း၏စကားကို ကြားရသော သုပ္ပဗုဒ္ဓ လူနူသည် ဤသို့ ပြန်ဆိုပြန်လေသည်။ "သင်သည် အလွန်မိုက်မဲသူဖြစ်သည်။ ငါသည် သူဆင်းရဲအထီးကျန်သူ မဟုတ်ပါ။ ငါသည် ချမ်းသာကြွယ်ဝသူသာဖြစ်ပါသည်။ (၁) သဒ္ဓါ (၂) သီလ (၃) ဟီရိ (၄) ဩတ္တပ္ပ (၅) သုတ (၆) စာဂ (၇) ပညာ ဟူသော သူတော်ကောင်းတရား ခုနစ်ပါး ငါ့မှာရှိသည်။ ဤသို့တရားခုနစ်ပါးရှိသူကို ဘုရားအစရှိသော အရိယာတို့ ဆင်းရဲသူမဆိုပါ"ဟု ပြန်ပြောလေသည်။ သိကြားမင်းသည် ဘုရားရှင်ထံသို့သွား၍ ၎င်းလူနူ ပြောသည့်စကားကို လျှောက်ထားလေသည်။

ဘုရားရှင်ကလည်း "သိကြားမင်း သုပ္ပဗုဒ္ဓကို ဘုရားသည် ဘုရားမဟုတ်၊ တရားသည် တရားမဟုတ်၊ သံဃာသည် သံဃာမဟုတ်ဟု ပြောစေရန် မစွမ်းနိုင်ကြောင်း" ဟူ၍ မိန့်တော်မူ လေသည်။ ထို့နောက် သုပ္ပဗုဒ္ဓသည် ဘုရားထံသို့ ရောက်လာပြီး ၎င်းရအပ်သော တရားထူးကို ဝမ်းမြောက်ဝမ်းသာ လျှောက်ထားပြီး ထ၍ဖယ်ခွာသွားလေသည်။ ၎င်းသည် ဤသို့ဖယ်ခွာသွား၍ မကြာမီမှာပင် ရှေးအတိတ်ဘဝက သုပ္ပဗုဒ္ဓသူဌေးသားဖြစ်စဉ်က သတ်ခဲ့သော ပြည့်တန်ဆာသည် ပြန်လည်ကလဲ့စားချေရန် ရန်ငြိုးဖွဲ့ဆုတောင်းခဲ့၍ ယခုဘဝ၌ ဘီလူးက နွားမယောင်ဆောင်ပြီး သုပ္ပဗုဒ္ဓကို ဝှေ့သတ်လေသည်။

ဘုရားရှင်သည် မင်းကြီး "ဗုဒ္ဓနုဿတိ" သည်သာ စောင့်ရှောက်သည်မဟုတ်ပါ။ တရားဂုဏ်တော်ကို ပွားများသူတို့ကိုလည်း အခြားစောင့်ရှောက်ဖွယ်ဖြစ်သည့် ဆေးဝါးမန္တာန်ဂါထာမလိုဘဲ စောင့်ရှောက်ပါသည်။ ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃဂုဏ်တော်သုံးဆယ့်နှစ် ကောဋ္ဌာသ၊ ကရုဏာဘာဝနာ၊ မေတ္တာဘာဝနာ ဤခြောက်မျိုး တစ်ခုခုကို အမြဲမပြတ် နေ့ရောညပါ သတိထားပွားများပါကလည်း အခါခပ်သိမ်း ကောင်းစွာနိုးကြားကုန်သည်။ ဘေးကင်းကုန်၏" ဟူ၍ ခြောက်ဂါထာဖြင့် ဟောကြားတော်မူသည်။ ဤတရားများကို မိစ္ဆာအယူရှိသော သားအမိသားအဖသုံးဦးသည် သောတာပန် ဖြစ်သွားလေသည်။ ၎င်းတို့ရဟန်းပြုသောအခါ ရဟန္တာများဖြစ်သွားကြ

(ဆက်လက်ဖော်ပြပါမည်)

# မော်လမြိုင် တောင်ဝိုင်းကန်တော်ကြီး၌ တန်ဆောင်တိုင်မီးထွန်းပွဲနှင့် မီးပုံးပျံလွှတ်ပွဲများ ကျင်းပမည်



ရန်ကုန် နိုဝင်ဘာ ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့၏ အထင်ကရနေရာတစ်ခုဖြစ်သည့် တောင်ဝိုင်းကန်တော်ကြီး၌ သုံးရက်တိုင်တိုင် တန်ဆောင်တိုင်မီးထွန်းပွဲနှင့် မီးပုံးပျံလွှတ်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သာသနာ့နွယ်ဖောင်ဒေးရှင်းမှ သိရသည်။

အဖိတ်နေ့၊ တန်ဆောင်မုန်းလပြည့်နှင့် လပြည့်ကျော် ၁ ရက် (နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်)အထိ နေ့စဉ် ညနေ ၆ နာရီ မှ ည ၈ နာရီအထိ မီးထွန်းပွဲနှင့် မီးပုံးပျံလွှတ်ပွဲများ ပြုလုပ်၍ တောင်ဝိုင်းတောင်ပေါ်မှ ဘုရားများအား ဆီမီးပူဇော်မည်ဖြစ်ကြောင်း သိရသည်။

ယခင်နှစ်က ပြုလုပ်ခဲ့သည့် မော်လမြိုင် တောင်ဝိုင်း တန်ဆောင်တိုင်ပွဲတော်ကို တွေ့ရစဉ်။

Facebook မိတ်ဆွေများ၏ စုပေါင်းအလှူတော်အဖြစ် တန်ဆောင်မုန်းလပြည့် ညနေ ၆ နာရီတွင် တောင်ဝိုင်းကန်တော်ကြီး၌ မီးထွန်းပွဲနှင့် မီးပုံးပျံလွှတ်ပွဲတွင် ရေခဲမုန့် စတုဒိသာ ကျွေးမွေးမည်ဖြစ်သည်။

တောင်ဝိုင်းကန်တော်ကြီးကန်ပေါင်သို့ လာရောက်သူများ ဆိုင်ကယ်များစိတ်ချစွာအပ်နှံနိုင်ရန်၊ လမ်းပိတ်ဆို့မှု မဖြစ်စေရန်အတွက် ဆိုင်ကယ်စီးရေ ၁၆၀၀ ရပ်နားနိုင်မည့် အခမဲ့ဆိုင်ကယ်ပါကင်များ ပြုလုပ်ပေးထားပြီး ဆိုင်ကယ်များ ဆိုင်ကယ်ပါကင်တွင် ရပ်ကြရန်နှင့် ကားအစီး ၅၀ ကျော်ရပ်နားနိုင်မည့် အခမဲ့ကားပါကင်ကွင်းလည်း မြေညှိပြုလုပ်ပေးထားကာ ကားများ ကားပါကင်တွင်ရပ်ကြရန် အသိပေးနှိုးဆော်ထားသည်။ MT

○ တက္ကသိုလ်မှ

သင်တန်းတို့ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ သင်တန်းများဖွင့်လှစ်ကာ လေ့ကျင့်သင်ကြားပေးခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် အဆိုပါ သင်တန်းဆင်းပွဲ များကို နေပြည်တော် ကောင်စီနယ်မြေတွင် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် မိုင်းမောမြို့တွင် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင် လည်းကောင်း နယ်မြေခံသင်တန်းကျောင်း ခန်းမများ၌ ပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်းများအတွက် အမှတ်တရ လက်ဆောင်ပစ္စည်းများ၊ ဆုတံဆိပ် ရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများနှင့် ဆုရရှိကြသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

သင်တန်းသား သင်တန်းသူများ၏ ရင်းတွင်းစကားသံများကိုလည်း ယခုလိုကြားသိခဲ့ရပါသည်-

၁

စိတ်ဝင်စားတဲ့ ဘာသာရပ်ကတော့ ကိုယ်စီစစ်မြေပြင်ကျွမ်းကျင်မှု ဘာသာရပ်ပဲဖြစ်ပါတယ်ရှင်။ ပြီးတော့လက်နက်မဲ့စစ်ရေးပြ ဘာသာရပ်ဖြစ်ပါတယ်ရှင့်။ အကောင်းဆုံးစံပြဆုရတာကို ကျွန်မ အလွန်ဝမ်းသာပါတယ်။ ကြိုးစားခဲ့ရတာတွေ အရာထင်ခဲ့တယ်။ ပင်ပန်းခဲ့ရတာတွေ၊ ကျွန်မတို့ကျောင်းအတွက်လည်း အလွန်ဝမ်းသာ ဂုဏ်ယူရပါတယ်ရှင့်။ ဒီသင်တန်းကို နောက်ထပ်လာမယ့်သူတွေလည်း လာရောက်တက်သင့် တယ်လို့ထင်ပါတယ်။

၂

နိုင်ငံတော် ကာကွယ်ရေးဆိုတာ တပ်မတော်သားတွေမှာပဲ တာဝန်ရှိတာ မဟုတ်ပါဘူး။ ကျွန်တော်တို့ နိုင်ငံသားတိုင်းမှာလည်း နိုင်ငံတော်ကာကွယ်ရေးနဲ့ ပတ်သက်ပြီးတော့တာဝန်ရှိတယ်။ ကျွန်တော်ဆိုရင် အခြေခံဒုတိယနှစ်သင်တန်းကို ရောက်ရှိနေပြီဖြစ်ပါတယ်။ အခြေခံဒုတိယနှစ်သင်တန်းမှာဆိုရင် အခြေခံပထမနှစ်ကတော့ တပ်နဲ့ပတ်သက်တဲ့ အခြေခံ အကြောင်းအရာတွေ သင်ကြားရတာပါ။ အခြေခံဒုတိယနှစ်ရောက်သွားတော့ ပထမနှစ်ထက် တစ်ဆင့်မြင့်ပြီးတော့ အခုဆိုရင် တိုက်ပွဲဝင်နိုင်တဲ့အဆင့်ထိပါ သင်ကြားပေးထားပြီးဖြစ်တဲ့အတွက် လေ့ကျင့်သားပြည့်ဝနေပြီလို့ ပြောလို့ရပါတယ်၊ ဒါကြောင့်မို့ အခုဆို ကျွန်တော်တို့လည်းပဲ တပ်မတော်သားတွေလိုပဲ လေ့ကျင့်သားပြည့်ဝတဲ့ တက္ကသိုလ်တပ်ဖွဲ့ဝင်တစ်ယောက် အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးမှာ အရေးကြုံရင်တော့ လိုအပ်တဲ့နေရာကနေ စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်သွားဖို့လည်း ရှိပါတယ်။

၃

ဒီသင်တန်းကို လာရောက်တက်ရတဲ့အတွက်ကြောင့် အချိန်နဲ့ တစ်ပြေးညီလုပ်ဆောင်ရတာတွေ။ နောက်မတူညီတဲ့ တက္ကသိုလ်ကနေ တွေ့ရတဲ့ သူငယ်ချင်း အပေါင်းအသင်းတွေအချင်းချင်း ကူညီရိုင်းပင်းမှုတွေ၊ သင်ခန်းစာတွေကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ရတာတွေနဲ့ အပြင်မှာသင်ဖို့ မလွယ်ကူတဲ့ စစ်ပညာတွေကို သင်ကြားရတဲ့ ကောင်းမွန်တဲ့ အတွေ့အကြုံတွေ ရရှိပါတယ်။ ကျွန်မရရှိတဲ့ဆုကတော့ စံပြကျောင်းသူဆု ရရှိခဲ့တာဖြစ်ပါတယ်။ ဒီဆုကိုရရှိခဲ့တဲ့အတွက် ကျေနပ်မှုရှိပါတယ်ရှင့်။ ဒီပညာတွေကို နိုင်ငံအတွက် အရေးတကြီး လိုအပ်တဲ့အခါမှာ လိုအပ်တဲ့ဘက်ကနေ စွမ်းစွမ်းတမံဆောင်ရွက်ဖို့ ခံယူချက်ရှိပါတယ်။ ဒီစခန်းချလေ့ကျင့်ခြင်းကို သင်တန်းကျောင်းမှာဆိုရင် အချိန်နဲ့ တစ်ပြေးညီလုပ်ဆောင်ရတယ်။ သင်တန်းကိုလည်း ခက်ခက်ခဲခဲကြိုးစားရတယ်။ ဒီလိုကြိုးစားခဲ့ရတဲ့အပေါ်မှာ ဆရာဆရာမတွေရဲ့ ထောက်ပံ့ပေးမှုတွေရော၊ နည်းပြတွေရဲ့ ထောက်ပံ့ပေးမှုတွေရော သင်တန်းသားအချင်းချင်း ရိုင်းပင်းကူညီမှုတွေနဲ့ အဘက်ဘက်ကနေ ကြိုးစားပြီး ရရှိခဲ့တဲ့အတွက်ကြောင့် ဂုဏ်ယူပါတယ်။

၄

နေရေး ထိုင်ရေး အတွက် အဆင်ပြေအောင် စီစဉ်ထားရှိမှုတွေရှိပါတယ်။ ပြီးတော့ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းတွေ၊ ကိုယ်ခံပညာတွေကိုလည်း သင်ကြားပေးပါတယ်။ အခြေခံစစ်နည်းဗျူဟာတွေလည်း ကောင်းစွာသင်ယူရရှိခဲ့ပါတယ်။ ကျွန်တော်တို့ သင်ကြားခဲ့ရတဲ့ အခြေခံစစ်နည်းဗျူဟာတွေကိုလည်း နောင်အနာဂတ်မှာ ခေါင်းဆောင်ဖြစ်လာမယ့် ကျွန်တော်တို့ရဲ့ ညီငယ်၊ ညီမငယ်တွေကို ပြန်လည်ပြီးတော့လည်း မျှဝေပေးချင်ပါတယ်။ နိုင်ငံတော်ကာကွယ်ဖို့ အတွက်က ကျွန်တော်တို့ လူငယ်မောင်မယ်တွေမှာလည်း တာဝန်ရှိတာဖြစ်တဲ့အတွက်ကြောင့် လူငယ်မောင်မယ်တွေကို အခြေခံစစ်နည်းဗျူဟာတွေကို ပြန်လည်မျှဝေပေးရင်းနဲ့ အနာဂတ်နိုင်ငံတော်ရဲ့ တာဝန်ကို တစ်ဖက်တစ်လမ်းကနေ ထမ်းဆောင်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်။

အဆိုပါသင်တန်းများတွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၆၈ ဦးတို့ကို သင်တန်းကာလ ခုနစ်ပတ် ဖွင့်လှစ်၍ ကိုယ်လက်ကြံ့ခိုင်ရေး ဘာသာရပ်၊ မြန်မာ့သိုင်း ဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက် ငယ်ဘာသာရပ်၊ ကိုယ်စီစစ်မြေပြင် ကျွမ်းကျင်မှု ဘာသာရပ်၊ စစ်နည်းဗျူဟာ ဘာသာရပ်၊ သဘောတရားရေးဆိုင်ရာဘာသာရပ်၊ စစ်မြေပြင် အင်ဂျင်နီယာဘာသာရပ်၊ ကျန်းမာရေးနှင့်ရှေးဦးသူနာပြုဘာသာရပ်များနှင့် စက်ပစ်ကွင်းလက်တွေ့ပစ်ခတ်ခြင်း သင်ခန်းစာများကို လေ့ကျင့်သင်ကြားပေးခြင်း အပြင် အထွေထွေဗဟုသုတရရှိ စေရေးအတွက် ပြင်ပလေ့လာရေး ခရီးစဉ်များကိုလည်းလိုက်ပါ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ မိုးရာသီစခန်းချလေ့ကျင့်ရေး သင်တန်း၌ဆုရရှိသည့် သင်တန်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။




၁




၂



၃



၄

## ပဲခူးမြို့၌ မီးခိုးမြူငွေ့လျှော့ချရေး အသိပညာပေး ဟောပြော

ပဲခူး နိုဝင်ဘာ ၁၄

ပဲခူးမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက ခရိုင်အဆင့် မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လှဲ့လှဲ့နိုင်မော်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်အောင်က မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာအကြောင်းအရာများနှင့် သစ်တောပြုစုထိန်းသိမ်းခြင်းဆိုင်ရာ အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ ပဲခူးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **တင်စိုး(ပဲခူး)**



# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ နိုဝင်ဘာ ၁၆ ရက်တွင် တွေ့ဆုံမည်

**လီမာ နိုဝင်ဘာ ၁၄**

ပီရူးနိုင်ငံ လီမာမြို့တော်၌ ကျင်းပသည့် အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ထိပ်သီးဆွေးနွေးပွဲ၏ ပြင်ပတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ နိုဝင်ဘာ ၁၆ ရက်တွင် တွေ့ဆုံမည်ဖြစ်ကြောင်း အမေရိကန်အစိုးရအကြီးတန်းအရာရှိများက ယနေ့ပြောကြားသည်။

သမ္မတဘိုင်ဒင်က နှစ်နိုင်ငံကြား စစ်ဘက်ဆိုင်ရာ ဆက်ဆံရေးနှင့် ပတ်သက်ပြီး ဆွေးနွေးနိုင်ဖွယ်ရှိကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်



တရုတ်သမ္မတ ရှီကျင့်ဖျင်

ခေါင်းဆောင်များသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရေးကိုလည်း ဆွေးနွေးကြရန် မျှော်လင့်ရသည်။ ထို့ပြင် Fentanyl အကိုက်အခဲပျောက်ဆေး အလွန်အကျွံသောက်ခြင်းသည် အမေရိကန်နိုင်ငံ၌ အဓိကပြဿနာတစ်ရပ်ဖြစ်ပွားလျက်ရှိသည်။

Fentanyl သည် အကိုက်အခဲပျောက်ဆေးဖြစ်ပြီး မေ့ဆေးအဖြစ် အသုံးပြုရန်အတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးမှ အတည်ပြုထားသော အစွမ်းထက် ဓာတုဆေးဝါးတစ်ခုဖြစ်သည်။ ၎င်းသည် မော်ဖင်းထက် အဆ ၁၀၀ ခန့် ပိုမိုအားကောင်းပြီး ကိုက်ခဲပျောက်ဆေးအဖြစ် အသုံးပြုလျက်ရှိသည်။ အဆိုပါဆေးဝါးကို တရုတ်နိုင်ငံမှ အမေရိကန်နိုင်ငံသို့ မှောင်ခိုတင်သွင်းမှုများကြီးထွားလာသည့်အပေါ် ခေါင်းဆောင်များက ဆွေးနွေးသွားဖွယ်ရှိကြောင်း သိရသည်။

၎င်းတွေ့ဆုံမှုမှတစ်ဆင့် အနာဂတ်ကာလတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာလာစေရန် သမ္မတ ဘိုင်ဒင်က မျှော်လင့်ထားကြောင်း သိရသည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# တရုတ်နိုင်ငံ၌ လျှပ်စစ်ကားအစီးရေ ၁၀ သန်းကျော် စံချိန်တင် ထုတ်လုပ်နိုင်ခဲ့

**ပေကျင်း နိုဝင်ဘာ ၁၄**

တရုတ်နိုင်ငံသည် နှစ်ပတ်လည် လျှပ်စစ်ကား ထုတ်လုပ်မှုအဖြစ် လျှပ်စစ်ကားအစီးရေ ၁၀ သန်းကျော်ကို စံချိန်တင် ထုတ်လုပ်နိုင်ခဲ့ကြောင်း တာဝန်ရှိသူများက နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံ၏ ယခုဆောင်ရွက်ချက်သည် ကမ္ဘာပေါ်တွင် ကာဗွန်ထုတ်လွှတ်မှုကင်းစင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်ဖြစ်သည်။

လျှပ်စစ်ကားအစီးရေ ၁၀ သန်းကျော် အောင်မြင်စွာ ထုတ်လုပ်နိုင်မှုဆိုင်ရာ အခမ်းအနားကို တရုတ်နိုင်ငံ အလယ်ပိုင်း ဟူပေပြည်နယ် ဝူဟန်မြို့တွင် စက်မှုနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ မော်တော်ယာဉ် ထုတ်လုပ်သူများအသင်းတို့က ပူးတွဲကျင်းပခဲ့ကြသည်။ အဆိုပါ အခမ်းအနားတွင် လျှပ်စစ်ကား အမျိုးအပြားကို ပြသခဲ့သည်။

တရုတ်နိုင်ငံသည် ယမန်နှစ်က လျှပ်စစ်ကားအစီးရေ ၉ ဒသမ ၅၈၇ သန်းကို ထုတ်လုပ်ခဲ့ပြီး ၉ ဒသမ ၄၉၅ သန်းကို ရောင်းချခဲ့သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

# သီရိလင်္ကာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲ ကျင်းပ

**ကိုလံဘို နိုဝင်ဘာ ၁၄**

သီရိလင်္ကာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကို ယနေ့ကျင်းပခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၁၄ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ဆန္ဒမဲပေးမှုများကို ရပ်ဆိုင်းပြီး မဲရုံများကို ပိတ်သိမ်းကာ မဲများရေတွက်ခြင်းကို စတင်ခဲ့ကြောင်း သီရိလင်္ကာ ရွေးကောက်ပွဲကော်မရှင်က ယနေ့ပြောကြားသည်။

ပြည်သူ ၁၇ ဒသမ ၁ သန်းကျော်သည် ပါလီမန်၏ အမတ်နေရာ ၂၂၅ နေရာကို ရွေးချယ်ရန် နိုဝင်ဘာ ၁၄ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီမှ စတင်ပြီး ဆန္ဒမဲများပေးခဲ့ကြောင်း သိရသည်။

မဲနောက်ဆုံးရလဒ်များကို နိုဝင်ဘာ ၁၅ ရက်တွင် ထုတ်ပြန်ကြေညာမည်ဟု ရွေးကောက်ပွဲကော်မရှင်က ပြောကြားသည်။

ပြည်တွင်းနှင့် နိုင်ငံတကာ စောင့်ကြည့်လေ့လာသူ ၈၀၀၀ ကျော်သည် ရွေးကောက်ပွဲအတွင်း ဆန္ဒမဲပေးမှုများကို စောင့်ကြည့်လျက်ရှိကြောင်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ရာနာယာကီက ပြောကြားသည်။



နိုင်ငံတစ်ဝန်း၌ ရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစွာ ကျင်းပခဲ့ပြီး ရွေးကောက်ပွဲနှင့် ဆက်နွှယ်သည့် အကြမ်းဖက်မှုများ ဖြစ်ပွားခြင်းမရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ သာဒူဝါက ပြောကြားသည်။

လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန်အတွက် လုံခြုံရေးရဲတပ်ဖွဲ့ဝင် ၃၁၀၀၀ ကျော်ကို ဖြန့်ကြက်ထားပြီး မဲရုံများကို ကာကွယ်ရန်အတွက် ရဲတပ်ဖွဲ့ဝင် ၂၇၀၀၀ ကို တပ်ဖြန့်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# ကမ္ဘောဒီးယားနိုင်ငံ၌ ရိုးရာနဂါးလှေလှော်ပြိုင်ပွဲ ကျင်းပ

**ဖနောင်ပင် နိုဝင်ဘာ ၁၄**

ကမ္ဘောဒီးယားနိုင်ငံ၌ နိုဝင်ဘာ ၁၄ ရက်တွင် ရိုးရာနဂါးလှေလှော်ပြိုင်ပွဲများ စတင်ကျင်းပခဲ့ရာ နိုင်ငံတစ်ဝန်းမှ ဝင်ရောက်ယှဉ်ပြိုင်သူ ပြိုင်ပွဲဝင်အရေအတွက် သောင်းဂဏန်းရှိကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

နိုင်ငံ၏ ပျော်ပွဲရွှင်ပွဲ ပွဲတော်တစ်ရပ်ဖြစ်သည့် ရိုးရာနဂါးလှေလှော်ပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက်အထိ သုံးရက်ကြာ ကျင်းပမည်ဖြစ်သည်။

**လှေလှော်အားကစားသမား ၂၂၀၅၂ ဦး ပါဝင်ယှဉ်ပြိုင်**

အဆိုပါပွဲတော်အား မြို့တော်ဖနောင်ပင် ဘုရင့်နန်းတော်ရှေ့ရှိ တုန်လီဆတ်မြစ်အတွင်း ကျင်းပခြင်းဖြစ်သည်။ နိုင်ငံတစ်ဝန်းဒေသများရှိ လှေအစင်းရေ ၃၄၈ စင်းနှင့် လှေလှော်အားကစားသမား ၂၂၀၅၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း နဂါးလှေလှော်ပြိုင်ပွဲ နည်းပညာဆိုင်ရာ ကော်မတီတာဝန်ရှိသူ ဘော်ချန်ဆီရီက ပြောကြားသည်။

ယခုကဲ့သို့ ရိုးရာနဂါးလှေလှော်ပြိုင်ပွဲအား အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းမှာ ကမ္ဘောဒီးယားနိုင်ငံ၌ ငြိမ်းချမ်းမှုရှိခြင်း၊ သာယာဝပြောခြင်းနှင့် နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်မှုရှိခြင်းကြောင့်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

ရိုးရာနဂါးလှေလှော်ပြိုင်ပွဲသည် ၁၁ ရာစု ရှေးခေတ် ခမာအင်ပါယာအတွင်း အင်အားကြီးမားစွာ တည်ရှိခဲ့သည့် ကမ္ဘောဒီးယား တော်ဝင်ရေတပ်ကို ဂုဏ်ပြုကျင်းပခြင်းဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ



# တောင်အာဖရိကနိုင်ငံ၌ မုန်တိုင်းများတိုက်ခတ်ပြီးနောက် အမျိုးသားသဘာဝဘေးအဖြစ် ကြေညာ

**ကိတ်တောင်း နိုဝင်ဘာ ၁၄**

တောင်အာဖရိကနိုင်ငံ၌ မုန်တိုင်းများတိုက်ခတ်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားသဖြင့် ၁၀ ဦး ထက်မနည်းသေဆုံးပြီး နိုင်ငံ၏ ပြည်နယ်ကိုးခုအနက် ခုနစ်ခုတွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားပြီးနောက် တောင်အာဖရိက အမျိုးသား သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနက အမျိုးသားသဘာဝဘေးအဖြစ် ကြေညာခဲ့ကြောင်း သိရသည်။

**ပြောကြား**

အောက်တိုဘာ ၂၂ ရက်မှ ၂၉ ရက်အထိ အရှေ့ဘက်ကိပ် ကော်ဇူလူနာတယ်ပြည်နယ်၊ လင်ပိုပိုပြည်နယ်၊ ဂူတန်နှင့် အမ်ပမ်လန်ဂါပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းမှု၊ ရေကြီးရေလျှံမှု၊ လေပြင်းတိုက်ခတ်မှုနှင့် မိုးသီးများကြွေကျမှုများ ဖြစ်ပေါ်ခဲ့ကြောင်း တောင်အာဖရိက အမျိုးသားသဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန အကြီးအကဲ အီလီယာစ်ဆီသိုလီက ပြောကြားသည်။

ပြင်းထန်သော သဘာဝဘေးအန္တရာယ်များကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးခြင်း၊ အခြေခံအဆောက်အအုံနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးခြင်းနှင့် အခြေခံဝန်ဆောင်မှုများ ပြတ်တောက်ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

မုန်တိုင်းနှင့် ရေလွှမ်းမိုးမှုများကြောင့် အနည်းဆုံး ၁၀ ဦး သေဆုံးပြီး အရှေ့ဘက်ကိပ် ကော်ဇူလူနာတယ်ပြည်နယ် တစ်ခုတည်းတွင် ရာနှင့်ချီ၍ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရကြောင်း ဒေသတွင်း မီဒီယာများ၏ ဖော်ပြချက်အရ သိရသည်။

အမျိုးသား သဘာဝဘေးအန္တရာယ်အဖြစ် ကြေညာခဲ့ခြင်းကြောင့် နိုင်ငံတော်အစိုးရမှ ရေဘေးသင့် ပြည်နယ်များသို့ ရန်ပုံငွေများ ထုတ်ပေးနိုင်ပြီး ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်

# အသိပေးနှိုးဆော်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်း တန်ဆောင်တိုင်ပွဲတော်ကာလတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ထုတ်လုပ်ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မရှိစေရေးအတွက်ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သတိပေးနှိုးဆော်ချက်များ နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

၂။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/မြို့နယ်များ၌ တန်ဆောင်တိုင် ပွဲတော်ကာလတွင် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ပစ်ဖောက်မှုများကြောင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာအေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် ပြုလုပ်လာနိုင်ခြင်းတို့ကြောင့် ဗြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များကို ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း၊ ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## အကျဉ်းသူများကို အကြောင်းမဲ့ တိုက်ပိတ်ထားသည်ဟု မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေ

**နေပြည်တော် နိုဝင်ဘာ ၁၄**

သာယာဝတီ ဗဟိုအကျဉ်းထောင်တွင် အင်းစိန်ထောင်နှင့် အိုးဘိုထောင်မှ ပြောင်းလာသည့် နိုင်ငံရေးအကျဉ်းသူ ၁၅ ဦးခန့်ကို နှစ်နှစ်နီးပါးကြာ အကြောင်းမဲ့ တိုက်ပိတ်ထားသည်ဟု Khit Thit Media အမည်ခံ Facebook Page က နိုဝင်ဘာ ၁၁ ရက်တွင် မဟုတ်မမှန်လုပ်ကြံသတင်းရေးသားဖြန့်ဝေခဲ့သည်ကိုတွေ့ရသည်။

ဖြစ်စဉ်အားစိစစ်ရာ သာယာဝတီ ဗဟိုအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား၊ အကျဉ်းသူဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး အကျဉ်းထောင်တွင် သာယာဝတီခရိုင်အတွင်းမှ ပြစ်ဒဏ်ကျခံသူ အကျဉ်းသား အကျဉ်းသူ နည်းပါးပြီး လူဦးရေကျပ်တည်းသည့် အကျဉ်းထောင်များမှ အကျဉ်းသား အကျဉ်းသူများ၊ အခြားထောင်များမှ စည်းကမ်းပျက် အကျဉ်းသား အကျဉ်းသူများကို လက်ခံထိန်းသိမ်းထားရှိမှုများရှိကြောင်း။

သာယာဝတီ ဗဟိုအကျဉ်းထောင်၏ တိုက်အမှတ်(၅)၌ စည်းကမ်းပျက် ထောင်ပြောင်းလာသည့် အကျဉ်းသူ ခုနစ်ဦးရှိပြီး ကျိုက်မရော ဗဟိုထောင်မှ နှစ်ဦး၊ အင်းစိန်ဗဟိုထောင်မှ နှစ်ဦး၊ ဘားအံထောင်မှ တစ်ဦး၊ မန္တလေးဗဟို အကျဉ်းထောင်မှ တစ်ဦး၊ သာယာဝတီဗဟို အကျဉ်းထောင်မှ တစ်ဦး ဖြစ်ကြောင်း။

**ရပိုင်ခွင့်များ အပြည့်အဝရှိ**

ထို့အတူ တိုက်အမှတ်(၈)၌ စည်းကမ်းပျက် ထောင်ပြောင်းများဖြစ်သည့် မန္တလေး ဗဟိုအကျဉ်းထောင်မှ ၁၃ ဦး၊ အင်းစိန်ဗဟို ထောင်မှ နှစ်ဦး၊ ပြည်အကျဉ်းထောင်မှ နှစ်ဦး၊ သာယာဝတီ ဗဟိုအကျဉ်းထောင်မှ တစ်ဦး စုစုပေါင်း အကျဉ်းသူ ၁၈ ဦး ရှိကြောင်း၊ ယင်းအကျဉ်းသူများသည် တိုက်ပိတ်ပြစ်ဒဏ် ကျခံနေရခြင်းမရှိဘဲ လုံခြုံရေးအရ သီးခြား ခွဲထားသည့် အကျဉ်းသူများသာဖြစ်ပြီး အိပ်ဆောင်ရှိ အကျဉ်းသူများကဲ့သို့ ရပိုင်ခွင့်များ အပြည့်အဝရှိကြောင်း။

တိုက်နှစ်ခုလုံး၏ တာဝန်ခံ ဒုတိယ ကြီးကြပ်ရေးမှူးသည် ယင်းအကျဉ်းသူများ၏ လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စည်းကမ်းထိန်းသိမ်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များကို အနီးကပ် ကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိပြီး ယင်းအကျဉ်းသူများသည် အခြားအကျဉ်းသူများနှင့် ရောနှောထားရှိပါက အကျဉ်းထောင်စည်းကမ်းများကို ဖောက်ဖျက်နိုင်သည်ကို စိစစ်တွေ့ရှိရသဖြင့် သီးခြားခွဲ၍ ထိန်းသိမ်းထားရှိခြင်းသာဖြစ်ကြောင်း သိရသည်။

ထို့ပြင် သာယာဝတီဗဟိုအကျဉ်းထောင်သည် လယ်ယာမြေများ၏ အလယ်တွင် တည်ဆောက်ထားသဖြင့် မိုးရာသီတွင် အကျဉ်းထောင်အတွင်းသို့ မြွေများ၊ ကင်းများ၊ ကင်းမြီးကောက်များ ဝင်ရောက်လေ့ရှိသဖြင့် အမျိုးသားဝန်ထမ်းများက ဝင်ရောက်ရှင်းလင်းရာတွင် အကျဉ်းသူများကို အိပ်ဆောင်သို့မဟုတ် တိုက်ခန်းများအတွင်းသို့ ဝင်ရောက်စေပြီးမှသာ အမျိုးသားဝန်ထမ်းများအား ဝင်ရောက်ရှင်းလင်းစေသည့်အတွက် အခန်းတွင်း ဝင်ရောက်ရိုက်နှက် အပြစ်ပေးခြင်းများ၊ ကြိမ်းမောင်းဆဲဆိုခြင်းများ မရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင်ထင်မှား ဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် လုပ်ကြံသတင်းဖော်ပြခြင်းသာ ဖြစ်သည်။

**မိုးမိုး**

## ယူအေအီးနိုင်ငံ ဖူဂျဲရာ့ပြည်နယ်အတွင်း နေအိမ်တစ်အိမ်၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်




**ရန်ကုန် နိုဝင်ဘာ ၁၄**

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ရုံးနှင့် မြန်မာသံရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်း လုံခြုံစွာ ပြန်လည်ရောက်ရှိရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ ဖူဂျဲရာ့ပြည်နယ် (Fujairah)အတွင်း နေအိမ်တစ်အိမ်၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသူ မဇင်မျိုးသူအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ရုံးအနေဖြင့် ယူအေအီးနိုင်ငံရှိ လူဝင်မှုကြီးကြပ်ရေးဌာန၊ အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းရုံးချုပ်အပါအဝင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြန်လည်ထွက်ခွာခွင့် Out Pass ရရှိခဲ့၍ နိုဝင်ဘာ ၁၃ ရက်၌ ဒူဘိုင်း-ရန်ကုန်ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ည ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိခဲ့သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲ ကြုံတွေ့ခဲ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ ဒုက္ခနှင့်ကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးသည့်အတွက် အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံး တို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**သတင်း - ကျော်ကြီး**
**ဓာတ်ပုံ - သီဟ**

## မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီ ၅၅ မိနစ်တွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် စိုင်းသူရ(ခ)ရာဇာမြင့်မောင်းနှင်ပြီး စိန်းမြနှင့် မျိုးသူဇာလှိုင်(ခ)သူဇာ လိုက်ပါလာသည့် သုံးဘီးဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၄ ဒသမ ၄ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ နိုဝင်ဘာ ၁၁ ရက် နံနက် ၉ နာရီတွင် မိုးညှင်းမြို့ အောင်သပြေ(၁) ရပ်ကွက်တွင် ဂမ်ဒီး(ခ)ဂမ်အောင်အား စိတ်ကြွရူးသွပ်ဆေးပြား ၂၈၅၀၀၊ Toyota Hilux Surf ယာဉ်တစ်စီးကို လည်းကောင်း။

အလားတူ နိုဝင်ဘာ ၁၀ ရက် ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် သုဓမ္မာလမ်း သီရိရတနာ လက်လီ/လက်ကားဈေးဝင်းရှိ အောင်မြင့်ဦး(ခ)အောင်ကြီးနှင့် စိုးစိုးလှိုင်(ခ)မစိုး တို့၏ အခန်းကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀၀ ကို လည်းကောင်း။

ထို့ပြင် နိုဝင်ဘာ ၁၃ ရက် ည ၈ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘားအံမြို့နယ် မိသရောင်ကျေးရွာအုပ်စု နောင်ထီလားကျေးရွာရှိ နန်းမြညွန့်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၀၀ ကို လည်းကောင်း။

ထို့ပြင် ယင်းနေ့နံနက် ၈ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်တွင် ကျော်ရဲအောင်(ခ)အောင်ဇေ မောင်းနှင်ပြီး ဝင်းနိုင်လင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ အိုက်စ်(မက်သ်အဖက်တမင်း) သုံးကီလိုကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၁၁-၂၀၂၄ သောကြာနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၇:၃၅ 'သာမညဖလသုတ်' တရားတော်
၀၈:၄၀ မိုးလကုန်စဲကထိန်ပွဲ
၀၉:၁၅ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
၀၉:၄၀ Soccer View
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၄၀ လူမှုစီးပွားသတင်းများ
၁၂:၃၀ 'မြတ်ဘုရားထံမှချမ်းသာရ' တရားတော်
၁၃:၃၀ MRTV National News
၁၄:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ယုံကြည်ရာလမ်း'** (အပိုင်း-၂၅)
၁၅:၂၀ လူငယ်ရေးရာအစီအစဉ်
၁၆:၅၀ မျိုးဝှက်တင့်စေဆိုကရေးတီးအငွေ
၁၇:၁၀ Weekly Sports Info
၁၇:၂၅ သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ 'သမညဖလသုတ္တန်' တရားတော်
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ ပြည်ချစ်သားမွန်တေးသဂင်
၁၈:၄၅ တန်ဆောင်တိုင်တေးများ
၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ **'လျှို့ဝှက်အချစ်ရဲ့ကတားကွက်'** (အပိုင်း-၂၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ 'ဇမ္ဗူဒီပါ' တန်ဆောင်တိုင်တေးဂီတပျော်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

07:01 Evergreen Classic: Metta Inngyin Yagon (Sein Lei Lei)
07:12 The Majestic Maravijaya Buddha Image (3)
07:40 Digital Directory on Shwedagon Pagoda
07:54 Fullmoon Day of Tazaungmone
08:01 News
08:26 Asia Updates: Takins on the Move
08:33 Ecotourism: The Famous Zalon Mountain
08:47 Tea Export
09:01 Listening Pleasure, Instrumental Music (Myanmar Harp) Zeyatu Sabba Mingalan
09:12 The ASEAN Awards Winning Entrepreneur
10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
စာအတူတူပတ်ကြရအောင်
**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ကချင်ဝက်အူချောင်း
**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
သဘာဝဆန်ဆန်အလှရှိရာ ခူးပရာတောင် ရွှေတောင်တန်းဆီသို့
**စကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
နှဲစို့တူပျော်မီးမြင်းမိုရ်ပွဲတော်
**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ပိတ္တီလာကန်သို့အလည်တစ်ခေါက်
**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
အိမ်နောက်ဖေးတွင်ဈေးဆိုင်တည်ခြင်း
**ချင်း(လိုင်ဇို) (၁၅:၀၀ မှ ၁၆:၀၀)**
ကျန်းမာရေးအတွက်ကောင်းကျိုးများသည့် မဟာကာကြံဆစ်
**ချင်း(ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
လေးကြိုးပြုလုပ်ခြင်း
**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
မော်လမြိုင်မုန့်ဟင်းခါး
**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ထူးဆန်းဖွယ်ရာရခိုင့်ဓလေ့ရှေးရိုးရာ(ရခိုင်ချိန်ခွင်)
**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
ရိုးရာထိန်းလို့အရိပ်ပေးတဲ့ရှမ်းမျိုးရဲ့ခမောက်လေး

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
၀၉:၄၅ ရသစုံစွာကျဲမြေကမ္ဘာ
၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
၁၈:၄၅ SPORTS MAX
၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ကိုရီးယားနိုင်ငံ)
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အဝယ်ပလောနဲ့'**
၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (စင်ကာပူနိုင်ငံ)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဖူဂျီသမ္မတနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၅၂)

### MRTV FARMERS' / HTV Channel

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၅ နှဲစို့တူပျော်မီးမြင်းမိုရ်ပွဲတော်
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၁၈:၂၀ Weekly Views Update
၁၉:၁၀ How to Make Potato Compost Using the Berkeley Method
၁၉:၄၅ International Music Hits
၂၀:၀၀ အဖြူရောင်ရဲတိုက်(ဇာတ်လမ်း)
၂၂:၀၀ The Dirge Singer Censor (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Sports Diary
၀၇:၄၀ Soccer View
၁၇:၀၀ အားကစားသတင်း
၁၈:၀၀ E Sports

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက်ရှိ First Rate Mobile ဖုန်းဆိုင်အား သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်လုယက်မှုကျူးလွန်သူ တရားခံအမျိုးသားလေးဦးအား သက်သေခံပစ္စည်းများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက် ဗိုလ်ချုပ်လမ်းမဘေးရှိ First Rate Mobile ဖုန်းဆိုင်သို့ အမျိုးသားလေးဦး(စိစစ်ဆဲ) က နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် သေနတ်များကိုင်ဆောင်၍ ဝင်ရောက်လာပြီး ဆိုင်ဝန်ထမ်းများအား ကြမ်းပြင်၌မှောက်ခိုင်းထားကာ ဆိုင်၏နောက်ခန်းအတွင်း ဖုန်းပြင်နေသော ဆိုင်ဝန်ထမ်းဖြစ်သူ ကိုဟိန်းမြတ်သူ (၂၁) နှစ်အား သေနတ်ဖြင့်ပစ်ခတ်၍ ဆိုင်အတွင်းရှိ iPhone အမျိုးအစား လက်ကိုင်ဖုန်းအလုံး ၂၀ (တန်ဖိုးငွေကျပ် ၁၁၂၁ သိန်းခန့်)အား လုယက်ယူဆောင်ထွက်ပြေးသွားခဲ့ပြီး ဖြစ်စဉ်အတွင်း ကိုဟိန်းမြတ်သူတွင် ကျည်ထိမှန် ဒဏ်ရာတစ်ချက်ရရှိကာ သေဆုံးသွားခဲ့သဖြင့် တာချီလိတ်မြို့မရဲစခန်းတွင် (ပ)၁၆၈/ ၂၀၂၄၊ ရာဇသတ်ကြီးဥပဒေပုဒ်မ ၃၉၂/၃၀၂/၃၄ ဖြင့် အမှုဖွင့်လှစ်ကာ တရားခံများ ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်မှ လုယက်မှုကျူးလွန်သူတရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ အသွင်ယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်ခဲ့ရာ တာချီလိတ်မြို့နယ် ဖန်ပင်ကျေးရွာအုပ်စု ဝမ်ကျောက်လုံကျေးရွာရှိ ဦးဆမ်ကြွက်(စိစစ်ဆဲ)၏ အငှားနေအိမ်လိုင်းခန်းတွင် လုယက်မှုကျူးလွန်သူတရားခံများ ခိုအောင်းရောက်ရှိနေထိုင်လျက်ရှိကြောင်း



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ First Rate Mobile ဖုန်းဆိုင်အား သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်လုယက်မှုကျူးလွန်သူတရားခံများအား သက်သေခံပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

သတင်းအရ ယင်းနေ့ ည ၁၂ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါအငှားနေအိမ်လိုင်းခန်းသို့ ဝင်ရောက်စီးနင်းရှာဖွေခဲ့သည်။

ထိုသို့ဝင်ရောက်ရှာဖွေစဉ် အဆိုပါအငှားနေအိမ်လိုင်းခန်းရှိ အခန်းအမှတ်(၁၀)အတွင်းမှ လုယက်မှုကျူးလွန်ခဲ့သူတရားခံများက သေနတ်များဖြင့် စတင်ပစ်ခတ်ကာ ထွက်ပြေးရန်ကြိုးစားသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ဖမ်းဆီးခဲ့ရာ လုယက်မှုကျူးလွန်ခဲ့သူ တရားခံများဖြစ်ကြသည့် လားရှိုးမြို့နယ် နယ်မြေ(၁၉) ရပ်ကွက်(၁၂)နေ ဖန်လီ (၃၄) နှစ် (ဘ)ဦးဖန်ကျင်းလျှမ်ပါ အမျိုးသားလေးဦးအား အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး အခင်းဖြစ်နေရာအား အသေးစိတ်စစ်ဆေးရှာဖွေမှုများ ဆောင်ရွက်ခဲ့ရာ လုယက်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် BWHE 610 Glock အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်နှစ်တောင့်၊ ကျည်အိမ်နှစ်ခု၊ အမေရိကန်နိုင်ငံထုတ် ZEV အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်နှစ်တောင့်၊ ကျည်အိမ်တစ်ခု၊ အသံတိပ်ပြောင်း တစ်ခု၊ အမေရိကန်နိုင်ငံထုတ် SIGSAUER အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်တစ်ခု၊ ဩစတြေးလျနိုင်ငံထုတ် TARAN TACTICAL INNOVATION (COMBAT MASTER) အမျိုးအစား ပစ္စတိုသေနတ်တစ်လက်၊ ၎င်းကျည်သုံးတောင့်၊ ကျည်အိမ်တစ်ခု၊ အသံတိပ်ပြောင်းတစ်ခု၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ ယာဉ်မောင်းလိုင်စင်ကတ်ပြား တစ်ခု၊ SHN–12 1K–7890 ယာဉ်နံပါတ်ပြားတပ်ဆင်ထားသည့် TOYOTA WISH အမျိုးအစား မော်တော်ယာဉ်တစ်စီးနှင့် အနက်ရောင်လက်ဆွဲအိတ်အတွင်းထည့်ထားသော လုယက်မှုကျူးလွန်ရာမှရရှိသည့် လက်ကိုင်ဖုန်း ၁၂ လုံးတို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် First Rate Mobile ဖုန်းဆိုင်အတွင်း ဝင်ရောက်ကာ လူသေဆုံးစေသည်အထိ သေနတ်ဖြင့်ပစ်ခတ်၍ လုယက်မှုကျူးလွန်သူ တရားခံလေးဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်တိုအတွင်း သက်သေခံပစ္စည်းများ၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများနှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုက်ထီးရိုးတောင်ပေါ်သို့ PDF တပ်ဖွဲ့ဝင်များရောက်ရှိသည်ဆိုသည့် သတင်းမှာ သတင်းမှားသာဖြစ်

မော်လမြိုင် နိုဝင်ဘာ ၁၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်ပေါ်သို့ နိုဝင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းက PDF များ ဘုရားလာဖူးသည့်ဗီဒီယိုဖိုင် လူမှုကွန်ရက်တွင် ပျံ့နှံ့ခဲ့သည်။

အဆိုပါရုပ်သံဖိုင်တွင် PDF လူငယ်များသည် ယူနီဖောင်းဝတ်ဆင်ထားပြီး လက်နက်အပြည့်အစုံဖြင့် ကျိုက်ထီးရိုးပုံစံတူစေတီတော်အား ဖူးမြော်နေသည်ကို တွေ့ရှိရသည်။

ယင်းသတင်းနှင့်ပတ်သက်၍ ကျိုက်ထီးရိုးဂေါပကအဖွဲ့၏ ပြောကြားချက်အရ ကျိုက်ထိုမြို့နယ် ပေါင်းလောင်းတောင်တော်ပေါ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မဟုတ်ဘဲ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ်ရှိ ကျိုက်ထီးရိုးပုံစံတူစေတီသာဖြစ်ကြောင်း၊ လက်ရှိအခြေအနေတွင် ကျိုက်ထီးရိုးဘုရားဖူးသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း၊ PDF များ ဘုရားဖူးလာရောက်သည်ဆိုသည့် သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်း၊ နေ့စဉ်ဘုရားဖူးလာသူများ စိတ်အနှောင့်အယှက်ဖြစ်စေရန် တမင်လုပ်ကြံ သတင်းအတု ဖန်တီးခြင်းသာဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၂ ရက် တွင် ဘုရားဖူးလာရောက်သူ ၁၈၈၇ ဦးရှိပြီး ယခုအပတ်တွင် နေ့စဉ် လူ၂၀၀၀ ဝန်းကျင်ခန့် ဘုရားဖူးလာရောက်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကန့်ဘလူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ် ၁၀၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၁၃ ရက်တွင် နေအိမ် ၁၀၀ ကျော်ကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ကန့်ဘလူမြို့နယ်အတွင်း ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရန်နှင့် အကြမ်းဖက်သမားများ ခိုအောင်းနေထိုင်ခြင်းမရှိစေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများကို တရားမဝင်ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် သတင်းမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

**သတင်းစဉ်**




## အိုးဘိုထောင်တွင် အကျဉ်းသားများ အရေပြားရောဂါခံစားနေရသည်ဟူ၍ မဟုတ်မမှန် လုပ်ကြံသတင်းရေးသားဖြန့်ဝေ

နေပြည်တော် နိုဝင်ဘာ ၁၄

အိုးဘိုထောင်တွင် အကျဉ်းသားများ အရေပြားရောဂါခံစားနေရသည်ဟူ၍ RFA Media အမည်ခံ Facebook Page က မဟုတ်မမှန် လုပ်ကြံသတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ မန္တလေးဗဟိုအကျဉ်းထောင်တွင် အကျဉ်းသား အကျဉ်းသူများအတွက် သုံးရေလုံလောက်စွာရရှိစေရန် အိပ်ဆောင်အလိုက် အဝီစိတွင်းများရှိပြီး ရေကန်များကိုအပြည့်ဖြည့်ပေးထားကာ နေ့စဉ် နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ရေချိုးခွင့်ပေးထားကြောင်း သိရသည်။

ထို့ပြင် သောက်သုံးရေလုံလောက်မှု ရရှိစေရန်အတွက် ရေသန့်စက်မှ ရေသန့် လီတာ ၆၀၀၀ ခန့်ကို ရေသန့်ဘူးကြီးများဖြင့် တစ်ရက်လျှင် နှစ်ကြိမ် အိပ်ဆောင်များသို့ ဖြန့်ဝေပေးလျက်ရှိသည့်အပြင် အိပ်ဆောင်များတွင်လည်း ဂါလန် ၅၀ ဆံ့ ရေလှောင်တိုင်ကီတစ်လုံးစီ ထားရှိပေးထားကြောင်း၊ မီးမလာပါက အသုံးပြုနိုင်ရန် အိပ်ဆောင်များတွင် ရေမော်တာအတွက် မီးစက်နှစ်လုံးစီထားရှိကာ ရေပြတ်လပ်မှုမရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အကျဉ်းသား အကျဉ်းသူများထဲမှ သာမန်ပွေး၊ ဝဲ၊ ယားနာရောဂါဖြစ်ပွားနေသော အကျဉ်းသား အကျဉ်းသူများအား အကျဉ်းထောင်ဆေးရုံအုပ်က သောက်ဆေး၊ လိမ်းဆေးများဖြင့် အိပ်ဆောင်အလိုက် အနီးကပ်ကြည့်ရှုကုသပေးလျက်ရှိပြီး ပွေး၊ ဝဲ၊ ယားနာ ရောဂါမဖြစ်ပွားစေရန်၊ အနံ့အသက်မရှိစေရန် အိပ်ရာခင်းများအား နေထုတ်လှန်းစေခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် အိပ်ဆောင်၊ အခန်းများ သန့်ရှင်းရေးပြုလုပ်ခြင်းတို့ကို တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် RFA Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။

**ကိုဖြိုး**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၄-၁၁-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၇၁၈။ | ဦးမြင့်အောင်နှင့်ဇနီး ဒေါ်အေးအေးသွင် မိသားစုကောင်းမှု | ၁၁၀၀၀၀၀ |
| ၉၇၁၉။ | ဦးဝင်းမြင့်နှင့်ဇနီး ဒေါ်ဝင်းမြင့် မိသားစုကောင်းမှု | ၁၁၀၀၀၀၀ |
| ၉၇၂၀။ | ဒေါ်ခင်စန်းလွင် မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၉၇၂၁။ | ကွယ်လွန်သူဖခင်ကြီးဦးနေအောင်နှင့် (သား)မောင်ညွန့်နိုင်တို့အားရည်စူး၍ ဒေါ်မြတင်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀၀ |
| ၉၇၂၂။ | ကွယ်လွန်သူ ဆရာမကြီးဒေါ်ခင်စန်းအားရည်စူး၍ ဦးစစ် မိသားစုကောင်းမှု | ၄၀၀၀၀၀ |
| ၉၇၂၃။ | ဗိုလ်မှူးကြီးနိုင်မြင့်ဇော်နှင့်ဇနီး ဒေါ်ထားထားအောင်၊ (သား) မောင်သန့်အာဏာ မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၂၄။ | ဦးစိုးဝင်းနှင့်ဇနီး ဒေါ်လှသန်းခိုင်၊ သား/သမီး/မြေးတစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၂၅။ | ဦးချိုနှင့်ဇနီး ဒေါ်မြင့်ခင် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၂၆။ | ကွယ်လွန်သူနှစ်ဖက်မိဘများနှင့် ဒုတိယဗိုလ်မှူးကြီးသိန်းလင်း (ငြိမ်း)အားရည်စူး၍ ကျန်ရစ်သူဒေါ်ခင်ခင်အေး၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၂၇။ | ဦးအောင်ဆန်းရွှေနှင့်ဇနီး ဒေါ်အေးအေးမော် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၂၈။ | ကွယ်လွန်သူသားမောင်ကျော်လင်းစိုးအားရည်စူး၍ ဗိုလ်ကြီးကျော်တင့်အောင်(ငြိမ်း)နှင့်ဇနီး ဒေါ်စန်းစန်းတင့် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၂၉။ | ဦးအောင်သိန်းနှင့်ဇနီး ဒေါ်သန်းသန်းထွေး မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၃၀။ | ဦးသန်းဦးနှင့်ဇနီး ဒေါ်မြင့်မြင့်သိန်း မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၃၁။ | ကွယ်လွန်သူ ဦးစိန်မြင့်အားရည်စူး၍ ဇနီး ဒေါ်ညွန့်ရင်နှင့် သား/သမီး/မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၃၂။ | ဦးအေးမြင့်နှင့်ဇနီး ဒေါ်သန်းညွန့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၃၃။ | ဒုတိယဗိုလ်ချုပ်ကြီးမင်းသိန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သန်းမြင့် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၇၃၄။ | ဦးအောင်လွင်နှင့်ဇနီး ဒေါ်မေမေချို၊ သား/ သမီး/ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၃၅။ | ဖခင်ဦးစိုးမြင့်နှင့် မိခင်ဒေါ်မြင့်မြင့်အေးတို့အား အမျှထား၍ (သား)ကိုထွန်းမြင့်ခိုင်နှင့်ဇနီး မအေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၃၆။ | မအေမရာခိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၃၇။ | ကွယ်လွန်သူ မိဘဘိုးဘွားများနှင့် ဒေါ်ကြည်ကြည်ဝင်းတို့အားရည်စူး၍ ဦးစောလွင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၃၈။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်မြသီတာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၃၉။ | ဦးအေးသီဟနှင့်ဇနီး ဒေါ်ခင်စန္ဒာဝင်း၊ (သား)မောင်မင်းထိပ်သီဟ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၀။ | ဦးအောင်ရွှေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၁။ | ကွယ်လွန်သူ မိခင်ကြီးဒေါ်မြင့်သောင်းအားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၂။ | ကွယ်လွန်သူ ဦးညွန့်ဝင်းအားရည်စူး၍ ဒေါ်ဝင်းဝင်းလှိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၃။ | ဦးအောင်ကြည်လင်းနှင့်ဇနီး ဒေါ်သိန်းသိန်းထွေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၄။ | ကွယ်လွန်သူ မိခင်ဒေါ်အေးအားရည်စူး၍ သမီးမတင်မာချို မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၅။ | ဒေါ်စန်းကြူနှင့်သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၆။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ ဦးရဲမြင့်နှင့်ဇနီး ဒေါ်ခင်စန်းဝေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၇။ | ဦးတိုးတိုးထွေးနှင့်ဇနီး ဒေါ်နှင်းနွယ်ဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၇၄၈။ | ဦးမျိုးမြင့်နှင့်ဇနီး ဒေါ်မာတင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၄၉။ | ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်သန်းငွေ မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၇၅၀။ | ဦးခင်မောင်ထွန်းနှင့်ဇနီး ဒေါ်သန်းသန်းစိုး၊ (သား)မောင်တေဇာအောင်၊ (သမီး)မစိုးစန္ဒာထွန်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၁။ | ဦးစိန်အေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၂။ | ဦးမြသိန်းနှင့်ဇနီး ဒေါ်စိန်နု မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၃။ | ဦးအောင်မျိုးဦးနှင့်ဇနီး ဒေါ်သင်းသင်းစိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၄။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်မြင့်မြင့်ဦး၊ (သား)ဦးအောင်ကိုကိုနှင့်ဇနီး ဒေါ်ချိုအေးမွန်ထွေး၊ သမီးဒေါ်လှစန္ဒာဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၅။ | ဦးဇော်မင်းနှင့်ဇနီး ဒေါ်မြတ်ကေခိုင်၊ (သမီး) စန္ဒာရားကေဇော်ရှင်းသန့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၆။ | ကွယ်လွန်သူ နှစ်ဖက်မိဘများနှင့်ခင်ပွန်းအားရည်စူး၍ ဒေါ်ဆွေဆွေသန့် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၇။ | ဦးထက်လွင်နှင့်ဇနီး ဒေါ်စန်းစန်းအေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၈။ | ဦးသက်ထွန်းအောင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၅၉။ | ဦးဘရွှေနှင့်(သား)မောင်ဘုန်းမြတ်ကျော် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၀။ | ဦးတင်မောင်ကျင်နှင့်ဇနီး ဒေါ်ခင်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၁။ | ဦးကိုငွေးနှင့်ဇနီး ဒေါ်ခင်မာငွေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၂။ | ဦးကျော်မင်းထွန်းနှင့်ဇနီး ဒေါ်ရီရီချို မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၃။ | ဦးမော်ဝင်းနှင့်ဇနီး ဒေါ်တင်တင်ဝင်း၊ (သမီး)မချစ်စုဝင်း၊ (သား)မောင်ရန်ပိုင်ဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၄။ | ဦးကြည်အောင်နှင့်ဇနီး ဒေါ်ဝင်းတင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၅။ | ကိုစိုးဝင်းနိုင်နှင့်ဇနီး မနန်းမြဟန် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၆။ | မသွန်းစက်နွယ်၊ မောင်သူရိန်သန့်စင် မောင်နှမတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၇။ | ဦးထွေးထွန်းအောင်နှင့်ဇနီး ဒေါ်သစ်သစ် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၈။ | ဒေါ်ခင်စန်းဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၆၉။ | ဒေါ်စန်းစန်းလှိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** **၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**( ခ ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၃၁၆**


### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၃/ပုပ္ပားကုန်းရပ်၊ ပုပ္ပားကုန်းရပ်ကွက်ရှိ မြေကွက်အမှတ်(ယ-၂၀၅)ကို မြေကွက်အမည်ပေါက် ဦးနေလင်းဇော်(ဘ) ဦးမောင်စော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၉/တကန(နိုင်)၁၇၂၉၃၉]ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်အေးအေးမိုး (ဘ) ဦးစိန်ကြီးညို နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၈/မတန(နိုင်)၀၄၃၄၈၁]မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မြေငှားစာချုပ်သစ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ပြင်ဆင်ဖတ်ရှုပါရန်

၉-၉-၂၀၂၄ရက်နေ့ကြေးမုံ သတင်းစာ၏စာမျက်နှာကြော်ငြာ (၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁၂)ဦးဇော်ရဲနိုင်+၁၏အမည်ပြောင်းတွင်မြေကွက်လိပ်စာ-၁၅/က၊ပြည်ထောင်စုလမ်းသွယ်၊ဆရာစံမြောက်/အနောက်ရပ်ကွက်ဟုအမှန်ဖတ်ရှုပါရန်။

### ပတ်စ်ပို့ပျောက်

(ဘ) ဦးကျော်လှိုင်၏ သား မောင်ဝေဖြိုးအောင်[၁၁/စတန(နိုင်)၀၈၆၄၅၀]၏ နိုင်ငံကူးလက်မှတ်နံပါတ် (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၁၆၉၃၄၉**

### တစ်ဦးတည်းဖြစ်ကြောင်း

ထားဝယ်မြို့၊ ခုံဝင်းဒပ်ရပ်၊ ဈေးရှေ့လမ်း၊ အိမ်အမှတ်(၁၁၄)နေ ဦးအောင်ထွေး (ခ) ဦးရင်ဖိုး [၆/ထဝန(ဧည့်)၀၀၀၁၄၃]သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

(၁) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(ဂေါက်ကွင်းအိမ်ရာ၊ ကွံ့ကော်ရိပ်သာ-၃)၊ မြေကွက်အမှတ်(၄၀)၊ ဧရိယာ(၀.၇၅၂)ဧက၊ (၃၂၇၆၉.၄၇)စတုရန်းပေရှိ ပါမစ်မြေကွက်၊

(၂) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာဒုံဥယျာဉ်အိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ လူနေရပ်ကွက်အမှတ်(ဂေါက်ကွင်းအိမ်ရာ၊ ကွံ့ကော်ရိပ်သာ-၃)၊ မြေကွက်အမှတ်(၄၁)၊ ဧရိယာ(၀.၈၁၂)ဧက၊ (၃၅၃၈၂.၃၀) စတုရန်းပေရှိ ပါမစ်မြေကွက်၊

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်(၂)ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် **ဇေကမ္ဘာကုမ္ပဏီလီမိတက်** အမည်ပေါက်တည်ရှိပြီး ကုမ္ပဏီ၏ဥက္ကဋ္ဌဖြစ်သူ **ဦးခင်ရွှေ** [၁၂/ဗဟန(နိုင်)၀၅၅၃၇၃]မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မွန်မွန်ချို (L.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ**
**(စဉ်-၁၂၂၆၈)** — **(စဉ်-၂၆၄၀၉)**
**အမှတ် (၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၈၂၀)၊ ကျွန်းရွှေမြိုင်လမ်း၊ အကျယ်အဝန်း (၄၁'-၆'' x၆၀')၊ ဧရိယာ (၀.၀၅၇) ဧကရှိ **ဦးသိန်းအောင်**( RGN-၀၁၆၂၄၅) အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်၊

(၂) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ မြေကွက်အမှတ်(၈၂၁)၊ မောင်းမကန်ကမ်းသာလမ်း၊ အကျယ်အဝန်း(၄၃'x၆၀')၊ ဧရိယာ (၀.၀၅၉) ဧကရှိ **ဒေါ်အေးမြင့်** [၁၂/သဃက (နိုင်)၀၇၈၉၀၀]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၊

အထက်ဖော်ပြပါ မြေကွက်(၂)ကွက်အတွက် အပိုဒ်(၁)ပါ မြေကွက်အား **ဦးဝင်းရွှေ**[၁၂/ရကန(နိုင်)၀၅၅၂၃၁]မှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး အပိုဒ်(၂)ပါ မြေကွက်အား အမည်ပေါက် ဇနီးဖြစ်သူ ဒေါ်အေးမြင့် ကွယ်လွန်ပြီး ခင်ပွန်းဖြစ်သူ မိမိက အမွေဆက်ခံပိုင်ဆိုင်ခွင့်ဖြင့် အမည်ပေါက် ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်မေပြည့်စုံဝင်း**[၁၂/မရက(နိုင်)၁၄၃၀၅၆]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေပြည့်စုံဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်မွန်မွန်ချို (L.B)** — **ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ** — **အထက်တန်းရှေ့နေ**
**(စဉ်-၁၂၂၆၈)** — **(စဉ်-၂၆၄၀၉)**
**အမှတ် (၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## "သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်ဘူတာရုံလမ်း၊ အမှတ်(၃၃၊ အေ)နေ အဖ ဦးအောင်ပို့ [၁၂/ရကန(နိုင်)၀၅၅၄၅၆] နှင့် အမိ လီဆိုက်ပန် (ခ) ဒေါ်ကြည်ကြည် [၁၂/ရကန(နိုင်)၀၅၅၄၅၇]တို့၏ သားဖြစ်သူ မောင်စိုင်းမင်းအောင် (ခ) မောင်ညဏ်လင်း [၁၂/ရကန(နိုင်)၀၇၅၇၈၀]သည် မိဘတို့ခွင့်မလွှတ်နိုင်သော ကိစ္စကိုဆောင်ရွက်ကျူးလွန်ပြီး (၁၀-၁၁-၂၀၂၄) ရက်နေ့တွင် မိမိသဘောဖြင့်အိမ်ပေါ်မှဆင်းသွားပါသဖြင့် သားဖြစ်သူ မောင်စိုင်းမင်းအောင် (ခ) မောင်ညဏ်လင်းအား ယနေ့မှစ၍ သားအရင်းအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ကြောင်း မိဘများက ကြေညာအပ်ပါသည်။ မောင်စိုင်းမင်းအောင်(ခ)မောင်ညဏ်လင်းနှင့် ပတ်သက်၍ လူမှုရေးကိစ္စ၊ စီးပွားရေးကိစ္စ၊ ငွေကြေးကိစ္စတစ်စုံတစ်ရာ လုံးဝပတ်သက်မှုမရှိတော့ပါကြောင်း၊ မိဘများ၊ မိသားစုဝင်များနှင့် လုံးဝ(လုံးဝ) မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်ပို့နှင့် လီဆိုက်ပန် (ခ) ဒေါ်ကြည်ကြည်၏ လွှဲအပ်ချက်အရ**
**ဦးအောင်စိုး (B.A.,R.L.,D.B.L.,D.I.L.)**
**Diploma in International Business Organisation(UK)**
**Diploma in International Intellectual Property Law(UK)**
**နိုင်ငံတော်ပဗ္ဗလစ်နှင့် တရားလွှတ်တော်ရှေ့နေ(စဉ်-၂၁၈၂/၈၂)**
**အမှတ်(၂၆)၊ ပထမထပ်၊ မြို့သစ်(၁)လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၅၃၈၉၀၇၉၂**

## အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်တွင် ဦးကျော်စိန် (ဘ) ဦးချစ်မောင် [၁၂/ဗဟန(နိုင်) ၀၁၁၃၅၃]မှ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် -၁၀၁၈၃/၂၀၁၄ (၈-၄-၂၀၁၄)ဖြင့် ဒေါ်လှလှ (ဘ) ဦးထွန်းတင် [၁၂/ဥကတ(နိုင်)၀၂၅၅၇၅]သို့ လွှဲအပ်ထားသော ကိုယ်စားလှယ်လွှဲစာအား ဆက်လက်ဆောင်ရွက်ရန် အကြောင်းမရှိတော့ပါသဖြင့် ယနေ့မှစ၍ ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးအေးမင်းဇော်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၅)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## " ဦးထွန်းထွန်း [၁၂/လသန(ပြု)၀၀၀၀၁၅]နှင့် အများသိစေရန် "

ဦးထွန်းထွန်း [၁၂/လသန(ပြု)၀၀၀၀၁၅]သည် ၎င်းပိုင်ဆိုင်သော ငွေများကို ယူဆောင်၍ နေအိမ်မှ ထွက်ခွာသွားပါသည်။ သို့ဖြစ်ပါ၍ ဦးထွန်းထွန်းနှင့်ပတ်သက်သော အရှုပ်အထွေးတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက သမီးများဖြစ်သော မသက်ထားရွှေစင်နှင့် မသီတာရွှေစင်တို့မှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**မသက်ထားရွှေစင်**
**[၁၂/လမတ(နိုင်)၀၃၅၆၁၈]**
**မသီတာရွှေစင်**
**[၁၂/လမတ(နိုင်)၀၃၆၁၁၈]**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်သိန်းဝေ(LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၀၉၆၃)(၂၆-၁၂-၂၀၁၂)**
**အခန်း(၁၀၁)၊ တိုက်(၅)၊ အင်းဝအိမ်ရာ၊ မြိတ်လမ်း၊ (၆၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**HP: 09-448039058**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင် (ယခင်တောင်ပိုင်းခရိုင်)၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း ပြန်လည်နေရာချထားသည့် အုပ်စု RA-2၊ အကွက်အမှတ် (တ-၀၂)၊ မြေကွက်အမှတ်(၁၃၄၇) ရှိ ဧရိယာ ၄၀'x၆၀'ကို ဦးသန်းဝင်း (ဘ) ဦးကျင် [၁၂/တတန(နိုင်)၀၈၈၀၈၈] ဖျက်ရိုးကျေးရွာအုပ်စု၊ မျက်နီကုန်းကျေးရွာ၊ တွံတေးမြို့နယ်က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်း ကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားမူရင်း(မူရင်း)များဖြင့် ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာဌေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၁၆)**
**အမှတ်(၁၄၁၂)၊ ဒီပါအေးမြလမ်း၊ (၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၄၃၁၁၄၇၈**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀)
### ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃၇

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက် (မင်္ဂလာဈေးဘဏ်ခွဲ-၁ ၎င်း၏ ကိုယ်စားဘဏ်မှတာဝန်ပေးအပ်ခြင်းခံရသူဒေါ်ယဉ်ယဉ်မြင့် (ဘဏ်ခွဲတာဝန်ခံ) | နှင့် | ၁။ ဦးမောင်အေး<br>၂။ ဦးကျော်မြင့်(ဥက္ကဋ္ဌ)(MD)<br>Great Father Land Construction And Decoration Company Limited |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဘိုးလိန်းအောင်မင်္ဂလာရပ်ကွက်၊ ဂန္ဓမာ(၁)လမ်း၊ အမှတ်(၁)နေ တရားပြိုင်ဖြစ်သော ဦးကျော်မြင့်(ဥက္ကဋ္ဌ)(MD) (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက" အရစ်ကျစနစ်ဖြင့် ဘဏ်မှ စိုက်ထုတ်ဝယ်ယူပေးခဲ့ရသော ငွေရင်းကျပ် ၂၉၇,၅၀၀,၀၀၀/-(ငွေကျပ်နှစ်ထောင့်ကိုးရာခုနစ်ဆယ့်ငါးသိန်း)တိတိနှင့်အတိုးငွေ၊ ဒဏ်ကြေးငွေများ အပါအဝင် စုစုပေါင်းငွေကျပ် ၉၄၇,၈၂၆,၀၅၄.၃၂(ငွေကျပ်သိန်းကိုးထောင်လေးရာခုနစ်ဆယ့်ရှစ်သိန်းနှစ်သောင်းခြောက်ထောင်ငါးဆယ့်လေးကျပ် သုံးဆယ့်နှစ်ပြား) တိတိရလိုမှု"နှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးခွန်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၃ ရက်)မွန်းမတည့်မီ (၁၀း၀၀)နာရီအချိန်တွင် အထက်အမည်ရေးသားပါရှိသူ တရားပြိုင်မှ တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၁၂)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( နိုင်လင်း )**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## "တိုက်ခန်းအသစ်ရောင်းမည်"

ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ (၆) ထပ်တိုက် (ပထမထပ်) ခေါင်းရင်းခန်း၊ BCC ရပြီး ၁၂'.၅''x ၅၀'.၀'' ရော မီးအစုံ (လူမ နေရသေး) ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ (အကျိုးဆောင်လက်ခံသည်။)

Ph: 09 5195427

## မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ ဝက်စပိုးအုပ်စု၊ ထန်းကုန်းရွာ (အဖ) ဦးမောင်ကြည်၏သမီး မဖြိုးဇာဇာ[၇/ဇကန(နိုင်)၀၄၈၀၄၂]၏ မွေးသက္ကရာဇ်အမှန်မှာ (၁၁-၃-၁၉၈၇) ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်- ၃/ပုပ္ပားကုန်းရပ်၊ ပုပ္ပားကုန်းရပ်ကွက်ရှိ မြေကွက်အမှတ် (ယ-၁၄၈)ကို မြေကွက်အမည်ပေါက် ဒေါ်လွင်ယဉ်မင်း (ဘ)ဦးဝေလွင်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/ဒဂန(နိုင်)၀၃၂၄၆၈]ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးဖြိုးသက်ဟန် (ဘ)ဦးမြစိုး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/အမဇ(နိုင်)၀၃၁၉၃၁]မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများ တင်ပြပြီး မြေငှားစာချုပ်သစ် ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

သစ်
တော
မှန်
လျှင်
အသုံး
ဝင်
အစဉ်
ထာဝရ
ထိန်းသိမ်း
ကြ

## ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ နှိုးဆော်လွှာ

ရန်ကုန်တက္ကသိုလ် မြန်မာစာမိသားစု၏ (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၈-၁၂-၂၀၂၄ ရက် (စနေနေ့)တွင် အငြိမ်းစား ဆရာကြီး/ဆရာမကြီး (၉၇)ဦးတို့အား အိမ်တိုင်ရာရောက် သွားရောက်ကန်တော့သည့် အစီအစဉ်ဖြင့် ကျင်းပမည်ဖြစ်ပါသည်။ ပညာသင်နှစ်အသီးသီးတွင် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် ပညာသင်ယူခဲ့သော မြန်မာစာအထူးပြု၊ မြန်မာမှုအထူးပြုနှင့် ဒီပလိုမာသင်တန်းသားကျောင်းသားဟောင်းများ၊ မျိုးဆက်သစ်များအနေဖြင့် အလှူငွေနှင့်အလှူပစ္စည်းများကို ၂၆-၁၂-၂၀၂၄ ရက် (ကြာသပတေးနေ့) နောက်ဆုံးထား၍ ပေးပို့လှူဒါန်းကြပါရန် မေတ္တာရပ်ခံ နှိုးဆော်အပ်ပါသည်။

အလှူငွေနှင့် အလှူပစ္စည်းများကို ရန်ကုန်တက္ကသိုလ်နယ်မြေတောင်ငူဆောင်ရှိ မြန်မာစာဌာနသို့လည်းကောင်း၊ ဒေါက်တာဝင့်ဝါဝါလှိုင် (09-5081336)၊ ဒေါက်တာလေးငုံ ( 09-5164523 )၊ ဒေါက်တာနန်းသူဇာဝင်း(09-2174607)၊ ဒေါက်တာရွှေရည်မြတ်မွန် (09-25709225)၊ မြန်မာစာကျောင်းသားဟောင်းများအသင်း ဥက္ကဋ္ဌ ဦးမျိုးသန့် (09-5010754)၊ အမှုဆောင် ဦးကျော်တင့် (09-450061609)၊ ဒေါက်တာမိုးဟိန်းဇော် (09-5180141)၊ ဒေါက်တာစိုးလွင် (09-5118815)၊ ဦးပြုံးလေး (09-43155781)၊ ဒေါ်မိုးဆင့်သူ ( 09-799471971)တို့ထံလည်းကောင်း Kpay/Wave money တို့ဖြင့် ဆက်သွယ်ပေးပို့နိုင်ပါသည်။

မှတ်ချက်။ ။ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွင် အနည်းဆုံး တစ်နှစ်တာဝန်ထမ်းဆောင်ဖူးပြီး (၂၀၂၄)ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်နေ့၌ အသက်(၇၀)ပြည့်ပြီးသော (အပူဇော်ခံစာရင်းတွင် မပါဝင်သေးသော) ဆရာကြီး၊ ဆရာမကြီးများကျန်ရှိနေပါက ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနသို့ အကြောင်းကြားပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

**မြန်မာစာမိသားစု**
**ရန်ကုန်တက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂/ဂျီ၊ မြေကွက်အမှတ်- ၄၄၉/၂၃၊** မြေပိုင်မြေအမျိုးအစားမြေကွက်၏ တစ်စိတ်တစ်ဒေသ (Undivided Portion) ဧရိယာ **(၅၀ပေx၁၂.၅ပေ-၇၂ပေx၂၇ပေ)ရှိ ဦးထွန်းညို+ဒေါ်မမခင်** အမည်ပေါက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ **ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၂)ရပ်ကွက်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်-၄၉/၁** ဟုခေါ်တွင်သော (၁)ထပ်အဆောက်အဦတို့ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ မှတ်ပုံတင်စာချုပ်အမှတ်- ၂၅၆/၈၆ အရ လက်ရှိပိုင်ဆိုင်သူ **ဒေါ်သန်းသန်းဆင့် [၁၂/ ဗဟန(နိုင်) ၀၆၀၉၆၅]** ၎င်း၏ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၊ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်- ၁၄၉၆၂/၂၀၁၂ ရရှိသူ **ဒေါ်ဖြူဖြူသွယ်[၁၂/ဗဟန(နိုင်)၀၇၂၀၇၆]** ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ယင်းမြေ၊ အဆောက်အဦတို့တွင် အကျိုးသက်ဆိုင်သူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွေးနွေးလင်း (LL.B)(စဉ်-၄၁၃၀၈)** — **ဒေါ်သဲစုကျော် (LL.B)(စဉ်-၃၈၅၃၃)**
**အထက်တန်းရှေ့နေများ**
**ရုံးအမှတ်-၆၁၊ ပထမထပ်၊ ၄၄-လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၅၈၆၉၅၇၅၁၊ ၀၉-၅၀၆၁၆၂၄**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ည) ရပ်ကွက်၊ ဘုမ္မာလမ်းသွယ်(၈)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက်အမှတ်(၂၈၂)၊ ဂရန်မြေ မူလအမည်ပေါက် ဦးတင်စိုး (ISN-404228) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ ပေ x၆၀ ပေ)အနက်မှ ခြေရင်းဘက်ခြမ်းအစွန်ရှိ (၁၀ ပေx ၆၀ပေ)နှင့် ယင်းမြေပေါ်ရှိ တစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အဆက်စပ် ကတိစာချုပ်များဖြင့် ယခုနောက်ဆုံးဝယ်ယူထားသော ဒေါ်ဖြိုးမွန်ထွန်း [၈/ပခက (နိုင်)၃၅၇၆၁၀]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ထွန်း [၁၂/ဥကမ(နိုင်)၀၂၄၈၅၄]**
**အမှတ်- ၂၂၅ /အေ၊ သုမ္မောလမ်း၊ (ည)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း - ၀၉-၉၅၅၀၁၅၁၀၈**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈) ရပ်ကွက်၊ အောင်သီရိလမ်း၊ အမှတ်(၁၅/က)နေ ဒေါ်ရင်ရင်သန်း [၁၂/ဒဂမ(နိုင်)၀၀၀၀၈၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၁၊ သဇင်လမ်း၊ မြေကွက်အမှတ်- ၈၆၆၊ အကျယ်အဝန်း (အလျား ၄၀ x အနံ ၆၀)ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့်မြေယာစီမံကိန်းဌာန၊ မြို့မြေစာရင်းတွင် ဦးဟန်ညွှန့် အမည်ပေါက် မြေချပါမစ် မြေကွက်အဖြစ်မှတ်သားတည်ရှိပါသည်။ ထိုမြေကွက်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရင်ရင်သန်း[၁၂/ဒဂမ(နိုင်)၀၀၀၀၈၃]သည် အမည်ပေါက်ဖြစ်သူ ဦးဟန်ညွှန့်ထံမှ (၁၁-၉-၁၉၉၇) ခုနှစ်တွင် ဝယ်ယူခဲ့ပြီး လက်ရောက်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ မြေကွက်အား လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း ပေးကမ်းလှူဒါန်းထားခြင်း၊ အာမခံထားခြင်းစသည့်တို့အား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရင်ရင်သန်း [၁၂/ဒဂမ(နိုင်)၀၀၀၀၈၃]မှ လွှဲ၍အခြား မည်သူတစ်ဦးတစ်ယောက်ကိုမှ ခွင့်ပြုမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဒေဝီ LL.B**
**အထက်တန်းရှေ့နေ(စဉ်-၅၃၄၃၁)**
**အမှတ်(၉၁၄)၊ ရေသန့်လမ်း၊ (၁၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း - ၀၉-၇၉၃၀၆၀၅၀၈**

## သွားတုလုပ်ငန်းကျွမ်းကျင်မှုဒီပလိုမာ (Diploma in Dental Technology) (၂)နှစ် သင်တန်းအတွက် ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် - ရန်ကုန်၊ သွားတုလုပ်ငန်းကျွမ်းကျင်မှုသင်တန်းဌာနတွင် ၂၀၂၅ ပညာသင်နှစ်၌ ဖွင့်လှစ်ပို့ချမည့် သွားတုလုပ်ငန်းကျွမ်းကျင်မှုဒီပလိုမာသင်တန်းသို့ အောက်ပါအရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်-

၁။ လိုအပ်သောအရည်အချင်း
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ သိပ္ပံဘွဲ့ရရှိသူ ဖြစ်ရမည်။
- (ဂ) လျှောက်လွှာပိတ်ရက်ဖြစ်သည့် (၁၁-၁၂-၂၀၂၄)ရက်နေ့တွင် အသက်(၂၇)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဃ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာကို သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ထောက်ခံချက်ဖြင့် လျှောက်ထားရမည်။
- (င) သင်တန်းပြီးဆုံးသည်အထိ တက်ရောက်နိုင်သူဖြစ်ရမည်။
- (စ) သင်တန်းတက်ရောက်ခွင့်ရရှိသူများသည် သတ်မှတ်သင်တန်းကြေးများ ပေးသွင်းရမည်။
- (ဆ) ပြင်ပပုဂ္ဂိုလ်များအနေဖြင့် သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက မည်သည့်ဒေသတွင်မဆို (၃)နှစ်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဇ) နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သင်တန်းတက်ရောက်ခွင့်ရရှိပါက သင်တန်းကာလတစ်လျှောက် မိခင်ဌာနမှ တာဝန်ချိန် (Deputation) သတ်မှတ်ပေးပြီး အချိန်ပြည့်စေလွှတ်တက်ရောက်နိုင်သူဖြစ်ရမည်။
- (ဈ) နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သင်တန်းအောင်မြင်ပြီးနောက် နိုင်ငံ့ဝန်ထမ်းအဖြစ် (၃)နှစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ည) သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်း ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ၊ သတ်မှတ်ထားသော လျော်ကြေးငွေ ၃၀၀၀၀၀၀/- (ကျပ်သုံးသိန်းတိတိ)ကို ပေးလျော်ရန် ကတိခံဝန်ချက် စာချုပ် ချုပ်ဆိုနိုင်သူဖြစ်ရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များကို ပြည့်စုံစွာ ဖော်ပြရမည်-
- (က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ခ) အသက်၊ မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်)
- (ဂ) မိဘအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်
- (ဃ) ပညာအရည်အချင်း
- (င) ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်
- (စ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး/ဌာနနှင့် အမှုထမ်းသက် အပြည့်အစုံ

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-
- (က) ဘွဲ့လက်မှတ် (မိတ္တူ)
- (ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်(မိတ္တူ)
- (ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်း၏ထောက်ခံချက်
- (ဃ) (၆) လအတွင်း ရိုက်ကူးထားသည့် ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၂)ပုံ (ကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ဖော်ပြရန်)
- (င) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက် (မူရင်း)
- (စ) လျှောက်လွှာတွင်ဖော်ပြထားသည့်အချက်အလက်များသည် မှန်ကန်မှုရှိပါကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးထားသော ခံဝန်ချက်

၄။ လျှောက်လွှာများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်သို့ (၁၁-၁၂-၂၀၂၄)ရက်နေ့ထက် နောက်မကျစေဘဲပေးပို့ရမည်။ လျှောက်လွှာပိတ်ရက်ထက်နောက်ကျပြီး ပေးပို့သောလျှောက်လွှာများ၊ သတ်မှတ်ချက်မပြည့်စုံသော လျှောက်လွှာများ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာန ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးမှတစ်ဆင့် လျှောက်ထားခြင်းမရှိသော လျှောက်လွှာများကို လုံးဝ(လုံးဝ) လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲ ဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်စာရင်းကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၌ (၁၆-၁၂-၂၀၂၄)ရက်နေ့တွင် ကြေညာထားမည်ဖြစ်ပြီး စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို (၁၈-၁၂-၂၀၂၄) ရက်နေ့တွင် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၌ ထုတ်ယူနိုင်သည်။

၆။ သင်တန်းဝင်ခွင့် ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်-

| | | |
|---|---|---|
| နေ့ရက် | - | (၂၀-၁၂-၂၀၂၄)ရက်၊ (သောကြာနေ့) |
| အချိန် | - | နံနက်(၉:၀၀)နာရီမှ မွန်းတည့်(၁၂:၀၀)နာရီထိ |
| ဘာသာရပ် | - | မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေ ဗဟုသုတ (၃)နာရီမေးခွန်းလွှာတစ်စုံ |
| ကျင်းပမည့်နေရာ | - | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် |

၇။ အသေးစိတ်သိရှိလိုပါက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ ဖုန်း-၀၉-၄၄၈၀၄၃၅၂၀ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်သည်။

## သွားကျန်းမာရေးသူနာပြုဒီပလိုမာ (Diploma in Dental Nursing) (၂)နှစ်သင်တန်းဝင်ခွင့် လျှောက်လွှာခေါ်ယူခြင်း

သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် ၂၀၂၅ ပညာသင်နှစ်၌ ဖွင့်လှစ်ပို့ချမည့် သွားကျန်းမာရေးသူနာပြုဒီပလိုမာ (Diploma in Dental Nursing) သင်တန်းသို့ အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ကြောင်းကြေညာအပ်ပါသည်-

၁။ လိုအပ်သောအရည်အချင်း
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) တက္ကသိုလ်တစ်ခုခုမှ (သိပ္ပံဘွဲ့)ရပြီးသူဖြစ်ရမည်။
- (ဂ) လျှောက်လွှာပိတ်သည့် (၁၁-၁၂-၂၀၂၄)ရက်တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ (အခြေခံပညာအထက်တန်း/တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်ပါ မွေးနေ့သက္ကရာဇ် အတိုင်းသာ အတည်ပြုမည်)။
- (ဃ) အိမ်ထောင်မရှိသူ အပျို/လူပျို ဖြစ်ရမည်။
- (င) သင်တန်းတက်ရောက်အောင်မြင်ပြီး နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက (၃)နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (စ) သင်တန်းတက်ရောက်ရန် ရွေးချယ်ခံရပြီး၊ တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကို ပြီးဆုံးအောင်မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်း နိုင်ငံ့တာဝန်ကို ဆက်လက်မထမ်းဆောင်နိုင်လျှင်ဖြစ်စေ သတ်မှတ်ထားသော လျော်ကြေးငွေပေးဆောင်ရန် ကတိခံဝန်စာချုပ်ချုပ်ဆိုနိုင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာတွင် အောက်ပါအချက်အလက်များ ပြည့်စုံစွာ ဖော်ပြရမည်-
- (က) အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (ခ) အသက်၊ မွေးသက္ကရာဇ်(ရက်၊ လ၊ နှစ်)
- (ဂ) မိဘအမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်
- (ဃ) ပညာအရည်အချင်း
- (င) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်
- (စ) ဝန်ထမ်းဖြစ်ပါက လက်ရှိရာထူး/ဌာန

၃။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲ ပေးပို့ရမည်-
- (က) မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသည့် အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်လက်မှတ်(မိတ္တူ) (၁)စောင်နှင့် ဘွဲ့လက်မှတ်မိတ္တူ (၁)စောင်
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား (မိတ္တူ) (၁)စောင်
- (ဂ) နိုင်ငံရေးနှင့် ပြစ်မှုကင်းရှင်းကြောင်း အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံစာ(မူရင်း) (၁)စောင်
- (ဃ) အိမ်ထောင်မရှိသူ အပျို/ လူပျိုဖြစ်ကြောင်း၊ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်(သို့)ကျေးရွာ အထွေထွေအုပ်ချုပ်ရေးမှူးရုံး (အုပ်ချုပ်ရေးမှူး၊ အတွင်းရေးမှူး)၏ ထောက်ခံစာ(မူရင်း) (၁)စောင်
- (င) ကိုယ်လက်အင်္ဂါချို့ယွင်းခြင်းမရှိကြောင်း ကိုယ်ရောစိတ်ပါ ကျန်းမာကြောင်း သက်ဆိုင်ရာမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာ(မူရင်း) (၁)စောင်
- (စ) လျှောက်လွှာတွင် (၆)လအတွင်း ရိုက်ကူးထားသော ပီပြင်ထင်ရှားသည့် လိုင်စင်ဓာတ်ပုံ(၂)ပုံ ကျောဘက်တွင်အမည်နှင့် မှတ်ပုံတင်အမှတ် ဖော်ပြရန်
- (ဆ) ဌာနဆိုင်ရာဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ထမ်းအကြီးအမှူး၏ ထောက်ခံစာ(မူရင်း) (၁)စောင်

၄။ လျှောက်လွှာများကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ အမှတ်(၅၈၂)၊ သံသုမာလမ်း၊ သွပ်ဝိုင်းကြီးရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ၍ လျှောက်လွှာပိတ်ရက်ဖြစ်သည့် (၁၁-၁၂-၂၀၂၄)ရက်ထက် နောက်မကျဘဲ ပေးပို့လျှောက်ထားရမည်။ မပြည့်စုံသည့်လျှောက်လွှာများနှင့် နောက်ကျမှရောက်ရှိလာသော လျှောက်လွှာများကို စဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲဖြေဆိုခွင့်ရရှိသူများ၏ ခုံအမှတ်စာရင်းကို သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၌ (၁၃-၁၂-၂၀၂၄)ရက်နေ့တွင် ကြေညာထားမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုမည့်ကတ်များကို (၁၇-၁၂-၂၀၂၄)ရက်နေ့မှစ၍ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် ထုတ်ယူနိုင်ပါသည်။

၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပစစ်ဆေးသွားမည်-

| | | |
|---|---|---|
| ကျင်းပမည့်ရက် | - | (၁၉-၁၂-၂၀၂၄)ရက်၊ (ကြာသပတေး)နေ့ |
| အချိန် | - | နံနက်(၉:၀၀)နာရီမှ မွန်းတည့် (၁၂:၀၀)နာရီထိ |
| ဘာသာရပ် | - | မြန်မာစာ၊ အင်္ဂလိပ်စာနှင့်အထွေထွေ ဗဟုသုတ(၃)နာရီ မေးခွန်းလွှာ(၁)စုံ |
| ကျင်းပမည့်နေရာ | - | သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန် |

၇။ အခြားစုံစမ်းမေးမြန်း လိုသည်များရှိပါက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်၊ ဖုန်း- ၀၉-၄၄၈၀၄၃၅၂၀ သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်သည်။

## ကုမ္ပဏီအမျိုးအစား ပြောင်းလဲကြောင်းကြေညာခြင်း

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၅၈(ခ) ကိုလိုက်နာ၍ အလွှာ (၂၁)၊ တိုင်းမ်းစီးတီးရှိ ယူအေဘီတာဝါ၊ ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ယူအေဘီဘဏ်လီမိတက်သည် အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီအဖြစ်မှ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီအဖြစ်သို့ အမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ကုမ္ပဏီများဆိုင်ရာ မှတ်ပုံတင်အရာရှိထံသို့ တင်ပြပြီးဖြစ်ကြောင်းနှင့် မှတ်ပုံတင်အရာရှိသည် တင်ပြသည့်လျှောက်ထားမှုကိုလက်ခံကျေနပ်ပြီး တရားရုံး၏အမိန့်တစ်ရပ်ရပ်အရ တားမြစ်ခြင်းမရှိလျှင် ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပြောင်းလဲပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**uab bank Limited၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယမုံဖူး(LL.B, D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၄၄၆၈၀)**
**အမှတ် (၃)၊ မြတ်အိမ်ရာလမ်းသွယ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၇၁၀၇၂၀၄**

## ကန့်ကွက်နိုင်ပါသည်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ဦးပိုင်အမှတ် (N-၁၃၄)၊ အကွက်အမှတ်နှင့်အမည်(၄-OSS/သဗ္ဗာကြေးတိုင်ပြင်)၊ မြေမျိုးနှင့်အတန်း(G)၊ ဧရိယာ(၈.၅၄)ဧက အကျယ်ရှိ ဒေါ်နွယ်နွယ်ဦးအမည်ဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိပြီးမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံကတိပြုသူ ဒေါ်နွယ်နွယ်ဦး (၁၂/ဗဟန(နိုင်)၁၁၇၈၉၅) ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဒေါ်ခိုင်ခိုင်စန်း | ဒေါ်နှင်းနုလွင် |
| (LL.B, D.B.L, D.I.L) | (LL.B) |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁) | အထက်တန်းရှေ့နေ (စဉ်-၅၃၁၁၄) |

အမှတ်(၅၉၂)၊ သုမင်္ဂလာလမ်းမကြီး၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၈၈၃၀၂၈၀၉၆

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ခေမာသီလမ်း၊ အမှတ်- D/NO.298(A) ရှိ Myanmar Aung Khit San Construction Company Limited ၏ ဒါရိုက်တာတို့မှ တာဝန်ပေးချက်အရ ယင်းကုမ္ပဏီ၏ Managing Director ဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ကျော်အောင် [၁၂/ဥကမ(နိုင်) ၁၆၁၂၀၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာလိုက်သည်-

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သော Managing Director ဦးကျော်ကျော်အောင် အပါအဝင် ဒါရိုက်တာတို့သည် MYANMAR AUNG KHIT SAN CONSTRUCTION COMPANY LIMITED အမည်ဖြင့် ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုလုပ်ငန်းကော်မတီမှ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇)အရ ထုတ်ပေးသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ် အမှတ်စဉ်- (၁၄၁၇၇၂၆၂၇/၂၀၂၄)ဖြင့် ဖွင့်လှစ်ထားသည့် ဆောက်လုပ်ရေးလုပ်ငန်းဖြစ်ပါသည်။

ယင်းအမည်ဖြင့် ဖွဲ့စည်းထားသည့် ဆောက်လုပ်ရေးလုပ်ငန်းမှာ မိမိတို့ သီးသန့်တည်ထောင်ထားသည့် ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်ဖြစ်သည်။ ယင်းကုမ္ပဏီလီမိတက်သည် အခြားမည်သည့် Company တို့နှင့်မှ တွဲဖက်၍သော်လည်းကောင်း၊ အခြားကုမ္ပဏီ၏ လက်အောက်ခံအဖြစ်နှင့်သော်လည်းကောင်း မည်သည့်လုပ်ငန်းကိုမှ လုပ်ဆောင်နေသည့်ကုမ္ပဏီ လုံးဝ(လုံးဝ) မဟုတ်ပါ။

သို့ဖြစ်ပါ၍ အထက်ပါဆောက်လုပ်ရေးကုမ္ပဏီ၏အရည်အသွေးနှင့် တိုးတက်မှုကျဆင်းစေရန်သော်လည်းကောင်း၊ ဂုဏ်ကျက်သရေညှိုးနွမ်းမှုကိုလည်းကောင်း၊ ယင်းဆောက်လုပ်ရေးကုမ္ပဏီ၏ MANAGING DIRECTOR အပါအဝင် ဒါရိုက်တာများ၊ အမှုထမ်းများတို့၏ ဂုဏ်သတင်းတို့ကိုသော်လည်းကောင်း ထိခိုက်ပျက်ပြားစေရန် နှိမ့်ချ၊ စွပ်စွဲပြောဆိုခြင်း၊ တစ်နည်းနည်းဖြင့် အနိုင်ကျင့်ခြိမ်းခြောက်ခြင်း၊ ယင်းကုမ္ပဏီနှင့် ၎င်းကုမ္ပဏီထံ လုပ်ငန်းအပ်နှံသူများနှင့် ဆက်သွယ်နေသူတို့အကြား အထင်အမြင်လွဲမှားစေရန် ပြုမူပြောဆိုဆောင်ရွက်ခြင်း၊ ယင်းဆောက်လုပ်ရေးကုမ္ပဏီ၏ နည်းပညာများကို ဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်မရဘဲ အသုံးပြုခြင်း၊ အဆိုပါဆောက်လုပ်ရေးကုမ္ပဏီအား ထိခိုက်ပျက်စီးစေရန် အမှုထမ်းများအကြား သွေးထိုးလှုံ့ဆော်မှုပြုလုပ်ခြင်း စသည်တို့ကို မည်သည့်နည်းနှင့်မျှ မပြုလုပ်ရန် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးကျော်ကျော်အောင်၏ ညွှန်ကြားချက်အရ တားမြစ်လိုက်သည်။

ထိုသို့တားမြစ်ထားပါလျက် မလိုက်နာပါက အထက်ပါကုမ္ပဏီလီမိတက်၏ အရည်အသွေးကျဆင်းစေမှု၊ နစ်နာမှု၊ ဆုံးရှုံးမှုများဖြစ်ပေါ်လာပါက ပေါ်ပေါက်လာသည့် ဥပဒေအကြောင်းများအရ MYANMAR AUNG KHIT SAN CONSTRUCTION COMPANY LIMITED မှ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာလိုက်သည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးကျော်ကျော်အောင်** | **ဒေါ်မြင့်မြင့်သန်း B.A(Law), LL.B** |
| **(Managing Director)** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၇၀/၇၈)** |
| **ဒေါ်ပွင့်ဖြိုးဝေ** | **ဦးအောင်မိုးထိုက်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၄၃/၁၇)** | **အထက်တန်းရှေ့နေ(စဉ်-၂၂၅၄၈/၀၁)** |
| **B.A (Business Law)** | |
| **M.A(Business Law), LL.B, D.B.L** | |

**အမှတ်-(၂၉၂/B)၊ မာလာမြိုင်လမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၄၁၃၅၅၆၊ ၀၉-၂၅၄၇၇၉၇၇၄၊ ၀၉-၄၂၀၂၉၃၁၀၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

